ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 13 January 2023 ၁၀၉၇၉

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သတင်းထုတ်ပြန်ချက်

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်ကိစ္စ

အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီသည် ၁၁-၁-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ပုံမှန်သတင်းထုတ်ပြန်ချက်ဖြင့် Annual Press Statement ပြောကြားခဲ့ပြီး၊ ထိုသို့ပြောကြားရာ၌ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အောက်ဖော်ပြပါ ရပ်တည်ချက်များအတိုင်း ဆက်လက် ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးဖော်ပြအပ်သည်-

(က) မြန်မာနိုင်ငံသည် အာဆီယံ၏ တူညီဆန္ဒ(၅) ချက် အကောင်အထည်ဖော်ခြင်းကို မိမိနိုင်ငံ၏ အမျိုးသားရေး အကျိုးစီးပွား၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အဖွဲ့ဝင်တစ်နိုင်ငံမှ မစွက်ဖက်ရေး စသည့် အခြေခံမူများနှင့်အညီ စွဲမြဲစွာဆောင်ရွက်လျက်ရှိသည်။

(ခ) မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

(ဂ) အာဆီယံသည် စည်းမျဉ်းကိုအခြေခံသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အာဆီယံပဋ္ဌိဌာန်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံအခြေခံမူများနှင့်အညီ တိတိကျကျလေးစားလိုက်နာရန် လိုအပ်ပြီး မြန်မာအစိုးရမှ ကြေညာထားသည့် မည်သည့်အကြမ်းဖက်အဖွဲ့များ၊ မတရားအသင်းများနှင့်မျှ ထိတွေ့ဆက်ဆံခြင်းမပြုရန် လိုအပ်ကြောင်းကို ထပ်လောင်းသတိပေးတိုက်တွန်းသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

ယနေ့ ဖတ်စရာ

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဒုတိယအကြိမ်ညှိနှိုင်း အစည်းအဝေး ကျင်းပ
စာမျက်နှာ » ၄

လူ့အဖွဲ့အစည်းအတွက် လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှု. . .
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၈

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)(သို့) ပညာသိုက်
စာမျက်နှာ » ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လွိုင်မွေဒေသ လွိုင်မွေတောင်စခန်းရှိ ချယ်ရီပင်တန်းတစ်နေရာကို တွေ့ရစဉ်။

ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် (၂၀၂၃)ကျင်းပမည်

ကျိုင်းတုံ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် ချယ်ရီပန်းပွဲတော် ၂၀၂၃ ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ လွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိ ပြည်သူများ သွားရောက်ကြည့်ရှုဓာတ်ပုံရိုက်လေ့ရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ်ဇန်နဝါရီလအတွင်း ရက်သတ်မှတ်ကာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ခရီးသွားလုပ်ငန်းများမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပွဲတော်ကာလ ငါးရက်အတွင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဂုံရှမ်း၊ အာခါ၊ လားဟူ၊ 'ဝ'၊ လီဆူ၊ လွယ်၊ အားခေ အမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

ရောဂါမှုံ

ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲနေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁۹ ရောဂါဖြစ်ပွားမှုမှာ သိသိသာသာကျဆင်းသွားသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ နိုးနိုးကြားကြား တက်တက်ကြွကြွပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁۹ ရောဂါကူးစက်မှု ကင်းဝေးလာပြီဟုဆိုနိုင်သည်။ သို့သော် ကိုဗစ်-၁۹ ရောဂါသည် မျိုးရိုးဗီဇမျိုးကွဲသစ်အမျိုးမျိုးအဖြစ် ပြောင်းလဲဖြစ်ပေါ်နေပြီး ကမ္ဘာပေါ်ရှိနိုင်ငံအချို့တွင် ဆက်လက်ဖြစ်ပွားနေသဖြင့် ကိုဗစ်-၁۹ ရောဂါကို ဆက်လက်သတိပြုကာကွယ်ထားကြရမည်ဖြစ်သည်။

ကိုဗစ်-၁۹ ရောဂါသည် ၂၀၁۹ ခုနှစ်အကုန် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ စတင်ဖြစ်ပွားခဲ့ပြီး ယခုအခါ သုံးနှစ်ကျော်ကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁۹ ရောဂါသည် ကပ်ရောဂါအသွင်ဖြင့် ကမ္ဘာတစ်ဝန်းလုံး ပျံ့နှံ့ကူးစက်လာခဲ့ရာ ကမ္ဘာ့ပြည်သူအမြောက်အမြား ထိခိုက်သေဆုံးပျက်စီးခဲ့ကြသည်။ ကပ်ရောဂါတစ်မျိုးသည် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ရှိနိုင်သည်ဖြစ်သော်လည်း ယခုကိုဗစ်-၁۹ ကပ်ရောဂါသည် မျိုးရိုးဗီဇပြောင်းလဲပြီး သုံးနှစ်ကျော်ကြာ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပြည်သူလူထုကြားတွင် အတူရှိနေမည့်ရောဂါအသွင်ဆောင်နေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁۹ ရောဂါကို အစဉ်ကာကွယ်ထားနိုင်ရန်အတွက် နေထိုင်မှုပုံစံသစ်ဖြင့် ရပ်တည်ကြရမည်ဖြစ်သည်။

လတ်တလောတွင် ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများ၌ ကိုဗစ်-၁۹ ရောဂါမျိုးသစ် အိုမီခရွန်မျိုးကွဲ XBB.1.5 ကူးစက်ပျံ့နှံ့လျက်ရှိသည်။ အဆိုပါ ဗီဇပြောင်းဖိုင်းရပ်စ်အမျိုးအစားသစ်သည် ယခင်မျိုးဗီဇများထက် ကူးစက်မှုမြန်ဆန်သည်ဟု အမေရိကန်နိုင်ငံ အိမ်ဖြူတော် ကိုဗစ်-၁۹ ရောဂါတုံ့ပြန်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက အသိပေးထားသည်။ အမေရိကန်နိုင်ငံတွင် ယခုရက်သတ္တပတ်အတွင်း အဆိုပါ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်သည် အလွန်လျင်မြန်စွာ ပျံ့နှံ့လျက်ရှိပြီး ပြည်နယ်တစ်ခုတွင် ရောဂါကူးစက်မှု ၇၀ ရာခိုင်နှုန်းကျော်အထိရှိသည်ဟု ခန့်မှန်းထားသည်။ ဂျပန်နိုင်ငံတွင်လည်း ကိုဗစ်-၁۹ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိရာ ပြီးခဲ့သည့်ရက်များက ရောဂါကူးစက်ခံရမှုကြောင့် တစ်နေ့လျှင် လူ ၃၀၀ ကျော်မှ ၄၀၀ ခန့်အထိသေဆုံးခဲ့ကြောင်း ဂျပန်နိုင်ငံကျန်းမာရေးဌာနက အသိပေးထားသည်။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများတွင် ကိုဗစ်-၁۹ ရောဂါဖြစ်ပွားမှုကို အဌမမြောက်လှိုင်းအဖြစ် ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံအနေဖြင့်မူ စတုတ္ထလှိုင်းအဆင့်တွင် ထိန်းချုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁۹ ကူးစက်ရောဂါဖြစ်ပွားခဲ့မှုများကို ဆင်ခြင်သုံးသပ်ကြည့်ပါက အအေးပိုင်းနိုင်ငံများတွင် ပိုမိုဖြစ်ပွားခဲ့ပြီး သက်ဆိုင်ရာတို့က ထုတ်ပြန်ထားသည့် ကိုဗစ်-၁۹ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုအားနည်းခြင်းနှင့် ကိုဗစ်-၁۹ ရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့်နှင့် ထပ်ဆောင်းထိုးနှံထားမှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်ကို တွေ့ရသည်။ ယခုအခါ အခြားနိုင်ငံများတွင် ရောဂါမျိုးကွဲသစ် ကူးစက်ပျံ့နှံ့မှုမြင့်မားလာသည်ကို သတိပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁۹ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းသည် နေ့စဉ်ဓာတ်ခွဲအတည်ပြုလူနာသစ် (ဒသမ သုညအောက်) ခုဂဏန်းသာရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကိုဗစ်-၁۹ ရောဂါကို မြန်မာနိုင်ငံ၌ ထိန်းချုပ်ထားနိုင်ပြီဆိုသော်လည်း လုံးဝအရှင်းပျောက်ကွယ်သွားခြင်းမရှိသေးသည်ကို သတိပြုရမည်ဖြစ်သည်။ ထိုအချိန်တွင် ကမ္ဘာပေါ်ရှိနိုင်ငံအချို့၌မူ ကိုဗစ်-၁۹ ရောဂါဖြစ်ပွားမှုပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်များ လျင်မြန်စွာကူးစက်မှုအခြေအနေများရှိနေသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁۹ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းများဖြင့် လိုက်နာနေထိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁۹ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်နှင့် ခြောက်လပြည့်ပါက ထပ်ဆောင်းထိုးနှံခြင်း၊ အလုံပိတ်အခန်း၊ လူထူထပ်သောနေရာ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင်ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းတပ်ထားရန်၊ လေဝင်လေထွက်ကောင်းအောင် နေထိုင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ တတ်နိုင်သမျှ လူစုလူဝေးများကို ရှောင်ရှားခြင်း၊ ချောင်းဆိုး၊ နှာချေလျှင် အုပ်၍ဆိုးခြင်း၊ ချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး
	ရာထူး၊ ဌာန
(က) ပါမောက္ခ ဒေါက်တာအေဘီ	ပါမောက္ခချုပ်
	အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)
	ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
	ကျန်းမာရေးဝန်ကြီးဌာန
(ခ) ဦးအောင်ကျော်မိုး	ညွှန်ကြားရေးမှူးချုပ်
	ပြန်လည်ထူထောင်ရေးဦးစီးဌာန
	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
	ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင် ကို မီဒီယာဖွဲ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

နေပြည်တော် ဧန်နဝါရီ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှူထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အောင်မင်္ဂလာသိဒ္ဓိရွှေကျောင်းတိုက်၊ တနသ်ာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူး မြို့နယ်ရှိ ချမ်းမြေဖြေဇေယျာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်ရှိ အနန်းပင်တောရပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘုံကျော် ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ တောင်ခွင်မင်းကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ စိန်ရတနာမိတ္ထီလာပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီး မြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့်တိုင်း ဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂ - ၁ -၂၀၂၃)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၇၀၀	၈,၈၀၀	၅၄၂	၄,၇၃၀,၀၀၀
MTSH	၃,၂၅၀	၃,၃၅၀	၅၁၁	၁,၆၈၆,၇၅၀
MCB	၇,၅၀၀	၇,၅၀၀	၀	၀
FPB	၁၈,၅၀၀	၁၈,၅၀၀	၀	၀
TMH	၂,၆၀၀	၂,၆၅၀	၂၉၀	၇၅၈,၅၀၀
EFR	၂,၇၀၀	၂,၇၀၀	၃၇	၉၉,၉၀၀
AMATA	၄,၉၀၀	၄,၉၀၀	၂၀၀	၉၈၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧန်နဝါရီ ၁၂

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၅၉.၄
(ဂ) တရုတ်	တစ်ယွမ်	=	၃၁၁.၁၅
(ဃ) ထိုင်း	တစ်ဘတ်	=	၆၂.၉၂
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၈၁.၇၆
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၇၄၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၅၀.၃
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၇၉.၂
(စျ) ဂျပန်	တစ်ရာယန်း	=	၁၆၀၂.၄
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၈.၅၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ရောဂါမှုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖြ၁ဖြ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖြ၁၈၊ ၀ဖြ၇-၃ဖြ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖြ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-ဧဖြ၁၀ဖြ၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ပုသိမ်အကျဉ်းထောင်၊ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် တောင်ငူအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧန်နဝါရီ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်အကျဉ်းထောင်ရှိ အစည်းအဝေးခန်းမ၌ အကျဉ်းထောင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဧန်နဝါရီ ၆ ရက်တွင် အကျဉ်းထောင်၌ အကျဉ်းသား/အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်နေရာနှင့် ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ် ၎င်းတို့ ကိုင်စွဲအသုံးပြုခဲ့သည့် ပစ္စည်းကိရိယာများ၊ ၎င်းတို့ဖျက်ဆီးခဲ့သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှုတို့ကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အသေးစိတ်မှာကြား

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးကလုံခြုံရေးကိုအထူးအလေးထားဆောင်ရွက်ရန်၊ လုံခြုံရေးစည်း ကျိုးပေါက်မှုမရှိစေရေး ဝန်ထမ်းများ ၂၄ နာရီ ကင်းတာဝန်ချထားရန်၊ အုပ်ချုပ်မှုလျှောနည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ အထူးဂရုပြုဆောင်ရွက်ရန်၊ အကျဉ်းထောင်အတွင်းသို့ ပေးပို့ခွင့်မရှိသည့် ကန့်သတ်ပစ္စည်းများ ပေးပို့တင်သွင်းနေသည်များရှိ၍ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ အကျဉ်းသား / အချုပ်သားများ၏ အိပ်ဆောင်များအား စနစ်တကျရှာဖွေ စစ်ဆေးခြင်းများ ပြုလုပ်သွားရန်၊ ဝန်ထမ်းများအနေဖြင့် လာဘ်ပေး လာဘ်ယူ ကင်းရှင်းပြီး ကိုယ်ကျင့်တရား ကောင်းမွန်စွာ နေထိုင်ကြရန်နှင့် မိမိကိုင်တွယ်သည့် လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး အမြဲတမ်းလေ့ကျင့်သွားကြရန်၊ အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုပြုဆောင်ရွက်ပေးရန်၊ ၎င်းတို့ကိုလည်း တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ နေထိုင်စေရေး ကြပ်ကြပ် မတ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အသေးစိတ်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်အကျဉ်းထောင်ခန်းမ၌ အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး မိသားစုဝင်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိသားစုဝင်များအတွက် မီးဖိုချောင်သုံး ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကာ အကျဉ်းထောင်အဝင်ဝရှိ ထောင်ဝင်စာပါဆယ်လက်ခံရေးမှတ်တမ်းဌာနစိတ်နှင့် ပါဆယ်ရှာဖွေရေး ဌာနစိတ်တို့တွင် လာရောက်ပေးပို့သည့် ပါဆယ်ပစ္စည်းများကို Luggage X-Ray Scanner စက်ဖြင့် စနစ်တကျ စစ်ဆေးရှာဖွေနေမှုကိုလည်းကောင်း၊ အကျဉ်းထောင် CCTV Control Room အတွင်းရှိ လုံခြုံရေးစောင့်ကြည့်နေမှုကို လည်းကောင်း၊ စားဖိုကြီးတွင် အကျဉ်းသား/အချုပ်သားများ နံနက်စာ စားသုံးရန်အတွက် ထမင်းနှင့် ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(အင်းစိန်)သို့ ရောက်ရှိကာ သင်တန်းကျောင်းအတွင်းရှိသင်တန်းသားအိပ်ဆောင်များ၊ စာသင်ခန်းမနှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တပ်သားအဆင့် အခြေခံသင်တန်း အမှတ်စဉ်(၁၀၇)မှ သင်တန်းသားများနှင့်အတူ နံနက်စာအတူတကွ သုံးဆောင်ပြီး သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ တောင်ငူအကျဉ်းထောင်သို့ ရောက်ရှိကာ အကျဉ်းထောင်ရှိ စားဖိုကြီးအသစ်ဆောက်လုပ်သည့်နေရာ၊ အကျဉ်းသား/အချုပ်သားအိပ်ဆောင်များ၊ ရေချိုးကန်များနှင့် ဆေးရုံဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင် လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ရန်၊ အကျဉ်းထောင် ဆူပူမှုများဖြစ်ပွားလာပါက အချိန်တိုအတွင်း ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ထားရန်၊ အကျဉ်းသား/ အချုပ်သားများအား ချက်ပြုတ်ကျွေးမွေးရာတွင် စေတနာထား၍ ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးမကောင်းသည့် အကျဉ်းသား/ အချုပ်သားများအား စေတနာထား၍ ဂရုတစိုက် ပြုစုကုသပေးရန်နှင့် HIV/AIDS ရောဂါရှိသူ အကျဉ်းသား/အချုပ်သားများ ပြစ်ဒဏ်စေ့၍ လွတ်မြောက်ပါက ဆေးဝါးဆက်လက် သောက်သုံးနိုင်ရေးအတွက် အကျဉ်းထောင်ဆရာဝန်က သေချာစွာ လမ်းညွှန်ပေးရန်တို့နှင့် ပတ်သက်၍ အကျဉ်းထောင် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*** ရှေ့ဖုံးမှ**

ဒေသထွက် အမှတ်တရ ရိုးရာပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ဝိုင်များ၊ အစားအစာများ ရောင်းချပေးခြင်းနှင့် ဒေသထွက်ကုန်များ၊ လွိုင်မွေဒေသချယ်ရီပန်းပွဲတော် စသည့်အကြောင်းအရာကို ပြခန်းများ ဖြင့် ပြသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ကျိုင်းတုံ)ရုံးမှ သိရသည်။

အစုလိုက်အပြုံလိုက်ပွင့်

မြန်မာနိုင်ငံနေရာအနှံ့အပြား၌ အဆိုပါရာသီတွင် ချယ်ရီပန်းများ ပွင့်ကြသော်လည်း လွိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အများအပြား အစုလိုက် အပြုံလိုက်ပွင့်သောနေရာ ရှားသည်။ လွိုင်မွေတောင်စခန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၅၄၂ ပေတွင် တည်ရှိပြီး လွိုင်မွေရေကန်၊ နှစ်တစ်ရာစံအိမ် စသည့် အမှတ်တရဓာတ်ပုံ ရိုက်ကူးသည့် အထင်ကရနေရာများ များပြားသည့်အပြင် ဆောင်းရာသီကာလ ချယ်ရီပန်း ပွင့်ချိန်တွင် နှစ်စဉ်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ၌ နှစ်စဉ် ဆောင်းရာသီကာလအတွင်း တစ်လကြာ ချယ်ရီပန်းများပွင့်သည့်အတွက် ချယ်ရီပန်းပွဲတော် ကျင်းပနိုင်ရေး ဦးစီးကော်မတီက လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော်(၂၀၂၃)ကို ဒုတိယအကြိမ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဇာတ်တော်ကြီး ဒုတိယနေ့ ဆက်လက်တင်ဆက်

ရန်ကုန် ဧန်နဝါရီ ၁၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်တင်ဆက်သည့် အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး တင်ဆက်မှု ဒုတိယနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ(ရန်ကုန်)၌ ဆက်လက်တင်ဆက်ကပြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဇာတ်တော်ကြီး တင်ဆက်ကပြမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာကို စိတ်ဝင်စားကြသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဧန်နဝါရီ ၁၄ ရက်တွင် အဆိုပါ ဇာတ်တော်ကြီးကို အများပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ဆက်လက်တင်ဆက် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧရာဝတီ ၁၂

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေး မြို့တော်ဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အနေဖြင့်လည်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးခေါ်ယူပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ်မှုကန်စေရေး လုပ်ငန်းအစီအမံများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့ အနေဖြင့် လမ်းများကို လက်တွေ့စီမံခန့်ခွဲဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ Road Safety Audit ကွင်းဆင်းစစ်ဆေးပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆိုင်ရာ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်သင့်သည့်အကြံပြုချက်များကို အချိန်နှင့် တစ်ပြေးညီ ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းစစ်ဆေးအကြံပြုချက်များအပေါ် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှုများကို အစီရင်ခံတင်ပြကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့် ဘဏ္ဍာငွေအသုံးပြုခြင်းများကိုလည်း တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ လျာထားတောင်းခံသုံးစွဲကြရန် လိုကြောင်း၊ ဝန်ကြီးချုပ်များနှင့် ဒေသကြီးကြပ်ရေးအဖွဲ့များ အနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်၊ အားနည်းချက်များကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ မြေပြင်၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ Road Safety Audit ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုနှင့် သုံးသပ်အကြံပြုချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ မြေပြင်စစ်ဆေးစဉ် တွေ့ရှိရသည့် အားနည်းချက်၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ နယ်မြေဒေသအလိုက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ အသစ်စိုက်ထူရေးဆွဲပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြသည်။ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း က ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း မော်တော်ဆိုင်ကယ် ယာဉ်တိုက်မှုအများဆုံးဖြစ်သည့် ပျဉ်းမနား-တောင်ညိုလမ်း၊ သပြေကုန်းအိုင်း လမ်းပိုင်းနေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန အင်ဂျင်နီယာမှူးကြီး(မြို့ပြ)က Road Safety Audit စစ်ဆေးတွေ့ရှိမှု၊ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ အိုင်းပတ်ဖြတ်သန်းမောင်းနှင်နိုင်ရေးအတွက် သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ အိုင်းပတ်မောင်းနှင်နိုင်ရေးအတွက် သပြေကုန်းအိုင်းရှိ လမ်းပေါ်ဆေးရေးအမှတ်အသားများကို ပြင်ဆင်ရေးဆွဲရန်၊ ယာဉ်ကြောကြိုတင်ပြောင်းရန် ဆေးရေးအမှတ်အသားနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူရေးဆွဲရန်၊ လမ်းလယ် တစ်ဆက်တည်းမျဉ်းအား သတ်မှတ်အရောင်အတိုင်း ရေးဆွဲရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှု အဖြစ်များသော မိုင်တိုင်-၂၁၈(၄ ဖာလုံနှင့် ၇ ဖာလုံအကြား) လမ်းပိုင်းနေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)က Road Safety Audit စစ်ဆေးတွေ့ရှိမှုများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါလမ်းပိုင်း၌ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် လမ်းဘေးတွင် Clear Zone လုံလောက်စွာထားရှိရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ ပြင်ဆင်ဆောင်ရွက်ရန်၊ လမ်းပေါ်ဆေးရေးအမှတ်အသားများ ပြည့်စုံစွာရေးဆွဲရန် မှာကြားသည်။ ယင်းနောက် Road Safety Audit အဖွဲ့၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ ဒေသကြီးကြပ်ရေးအဖွဲ့နှင့် လမ်းဦးစီးဌာနတို့က အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းကျောင်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

လွိုင်ကော် ဧရာဝတီ ၁၂

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့ မင်းစုရပ်ကွက် မင်းကျောင်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က "ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့များ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ရည်မှန်းချက်နှင့်အညီ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အများပြည်သူများ ရာသီမရွေးသွားလာမှု အဆင်ပြေစေရေး၊ ရောင်းဝယ်ရေးများ အဆင်ပြေချောမွေ့စေရေး၊ အများပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေစေနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းသာယာလှပသော မြို့ပြတစ်ရပ် ဖြစ်ထွန်းလာစေရေး တို့ကိုရရှိသည့် အခွန်၊ အခ၊ အကောက်၊ ဘဏ္ဍာငွေတို့ဖြင့် အကျိုးရှိစွာ အသုံးချဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သော လမ်းသစ်မှာလည်း ၎င်းလုပ်ငန်းစဉ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကတ္တရာကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အများပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် လွိုင်ကော်မြို့တွင်း မင်းကျောင်းကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ပတ်သက်၍ ဒေသခံပြည်သူများကိုယ်စား လမ်းနေထိုင်သူ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက မင်းကျောင်း ကတ္တရာကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က မင်းကျောင်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ဌင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အကဖွဲ့ကျောင်းသူများနှင့် ဖဲကြိုးကိုင် ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မင်းကျောင်း ကတ္တရာကွန်ကရစ်လမ်းအား ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်လမ်း သုံးလမ်း(နှစ်မိုင်)၊ ကွန်ကရစ်လမ်း ရှစ်လမ်း(သုံးဖာလုံ)၊ ကတ္တရာလမ်း ၈၉ လမ်း(၁၅ မိုင် နှစ်ဖာလုံ)၊ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း ၁၄ လမ်း(နှစ်မိုင် ငါးဖာလုံ)နှင့် ကျောက်ချောလမ်း တစ်လမ်း(နှစ်ဖာလုံ)ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၁၂

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ကာလတွင် တက်ရောက်ပညာဆည်းပူးခွင့်ရကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် လယ်ယာကဏ္ဍအတွက် အားကိုးအားထားပြုရသည့် ထူးချွန်ပညာရှင်များအဖြစ် ထွက်ပေါ်လာရေး ကြိုးပမ်းသွားရန် မှာကြားလိုကြောင်း၊ မိမိတို့ လေ့လာသင်ယူပြီး တတ်ကျွမ်းရာပညာရပ်များဖြင့် ကျေးလက်နေပြည်သူများ၊ အထူးသဖြင့် တောင်သူလယ်သမား စိုက်ပျိုးထုတ်လုပ်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေးနှင့် နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေး စွမ်းဆောင်ခြင်းကို ထူးခြားသည့် အခွင့်အရေးတစ်ရပ်အဖြစ် ခံယူကြစေလိုကြောင်း၊ စိုက်ပျိုးရေးနည်းပညာများကို ပေါက်မြောက်အောင်မြင်အောင် သင်ယူလေ့လာကြရာတွင် စိတ်ဓာတ်၊ စည်းကမ်း၊ စနစ်ကျနမှုတို့ကို လက်ကိုင်ထား ကြိုးစားသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကို လည်းကောင်း၊ ဒုတိယဝန်ကြီးက အကအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးတက္ကသိုလ်ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၂၀၀၀ ကျော်၊ စိုက်ပျိုးရေးဘွဲ့လွန် ဒီပလိုမာ ၆၀ ကျော်၊ မဟာဒဿနဘွဲ့ကိုးဦးနှင့် ပါရဂူဘွဲ့ ၇၀ ကျော် သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ကာ လာမည့် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀) ပြည့်မြောက်မည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့သည် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကြိုဆိုအမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကို လည်းကောင်း ၊ ဒုတိယဝန်ကြီးက အကအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စိုက်ပျိုးရေးသိပ္ပံကျောင်း ကျောင်းသား ကျောင်းသူများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေဆည်ရေသောက် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာနှင့် ဇေယျာသီရိမြို့နယ် သာယာအေးကျေးရွာများတွင် ဆင်သေချောင်း ဝဲယာ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ရေးလုပ်ငန်းခွင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်လျက်ရှိသည့် ယာယီချောင်းပိတ်လုပ်ငန်းများမှ သာယာအေးကျေးရွာရှိ စိုက်ပျိုးမြေဧက ၁၆၀ ကျော်၊ အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးမြေဧက ၁၈၀ ကျော်တို့ကို အကျိုးပြုမည်ဖြစ်ရာ လုပ်ငန်းနှစ်ရပ်ပေါင်း ဧက ၃၅၀ ခန့် အကျိုးပြုနိုင်မည်ဖြစ်သော်လည်း တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်မည် ဆိုပါက ဧက ၁၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်၍ တောင်သူများအတွက် များစွာအကျိုးရှိစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက မျိုးစေ့မှတ်ပုံတင်ရန် တင်ပြလာသည့် ဆီထွက်သီးနှံနေကြာနှင့် သီးနှံမျိုးစေ့များ စမ်းသပ်စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မွန်ပြည်နယ်၌ ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

မော်လမြိုင် ဧန်နဝါရီ ၁၂

မွန်ပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဧန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်တို့က ပြည်နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဧနီး ဒေါ်စန်းစန်းလွင်တို့က မွန်ပြည်နယ်ပညာရေးဌာနသို့ အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဧနီး ဒေါ်မိမိဆွေလှိုင်တို့က ပြည်နယ်ပညာရေးစုံညီပွဲတော်သို့ အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပညာရေးစုံညီပွဲတော်သို့ ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းသား ကျောင်းသူများ၏ အကအလှ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ဆက်လက်ကြည့်ရှုကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ပညာရေးစုံညီပွဲတော်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အရေပြားအကျိတ်နာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသောကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊

(၂) နာမကျန်းကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားကျွဲ၊ နွားများနှင့် ရောနှောခြင်း မပြုရန်၊

(၃) ကျွဲ၊ နွားအသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊

(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိနွားများနှင့် မိမိခြံရှိကျွဲ နွားများနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများ ဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ကန့်သတ်ရန်၊

(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်း မပြုရန်၊

(၇) ကျွဲ၊ နွားများရှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊

(၈) မိမိကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လူ့အဖွဲ့အစည်းအတွက် လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှု . . .

သိန်းထွန်း (IR)

ဘဝအတွက် အရေးပါမှု

လူတစ်ယောက်ရဲ့ စဉ်းစားဆင်ခြင်မှုတွေဟာ သူ့ရဲ့အပြောအဆို၊ အပြုအမူတွေအပေါ် လွှမ်းမိုးနေကြပါတယ်။ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ဖို့ဆိုရင်လည်း ကိုယ့်ရဲ့ စဉ်းစားဆင်ခြင်မှုကို အခြေခံပြီး တည်ဆောက်ကြရပါတယ်။ ဒါဟာ ဘဝတစ်ခုအတွက် စဉ်းစားဆင်ခြင်မှုရဲ့ အရေးပါမှုပဲဖြစ်ပါတယ်။ ဒုံအပြင် တစ်ဦးနဲ့တစ်ဦး စဉ်းစားဆင်ခြင်မှု ပုံစံတွေ မတူညီကြတဲ့အတွက် ဘဝနေထိုင်ပုံနည်းလမ်းတွေ၊ တန်ဖိုးထားတာတွေ၊ ရည်မှန်းချက်တွေနဲ့ လူမှုစရိုက်တွေလည်း ကွဲပြားလာပြီး လူ့အဖွဲ့အစည်းအပေါ်သက်ရောက်တဲ့ ပုံစံတွေနဲ့ အတိမ်အနက်တွေလည်း ကွဲပြားလာကြပါတယ်။

ဒီတော့ လူတစ်ယောက်ရဲ့ စဉ်းစားဆင်ခြင်မှုဟာ ဘယ်လောက်အရေးကြီးပြီး အရေးပါတယ်ဆိုတာ သတိနဲ့ကြည့်မယ်ဆိုရင် ပိုပြီးသိသိသာသာ မြင်နိုင်ပါတယ်။ “အကောင်းမြင် စဉ်းစားဆင်ခြင်ကြပါ။ ဘာကြောင့်လဲဆိုတော့ စဉ်းစားဆင်ခြင်မှုတွေဟာ ကျွန်တော်တို့ရဲ့ဘဝတွေကို လမ်းကြောင်းမှန်ဆီရောက်ဖို့ ထိန်းကျောင်းနေတဲ့ စတီယာရင်နဲ့တူလို့ ဖြစ်ပါတယ်” ဆိုတဲ့ စကားလိုပါပဲ။ ဒါကြောင့်လည်း ပညာရေးမှာ စဉ်းစားဆင်ခြင်မှု စွမ်းရည်တွေ တိုးတက်ဖို့ အခြေခံလိုအပ်ချက်တစ်ခုအနေနဲ့ သင်ကြားပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ အဲဒီစဉ်းစားဆင်ခြင်မှု အရည်အသွေးတွေ ပိုပြီးထက်မြက်လာဖို့ အတွက် အခြေခံလိုအပ်ချက်တွေထဲမှာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်း သို့မဟုတ် အမှီအခိုကင်းစွာ စဉ်းစားဆင်ခြင်ခြင်းလည်း ပါဝင်ပါတယ်။

လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်တဲ့အတွက်ကြောင့် ပြဿနာတွေဖြေရှင်းရာမှာ ကျိုးကြောင်းဆင်ခြင်မှုနဲ့ ဆန်းသစ်တွေးခေါ်မှုတွေ ရရှိလာစေပါတယ်။ ဒါကြောင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်လိုသူတွေ၊ တီထွင်ဖန်တီးမှု လိုလားသူတွေအတွက် လွတ်လပ်တဲ့စဉ်းစားဆင်ခြင်မှုက အဓိက လိုအပ်ချက်အဖြစ် တွေ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတွေမှာဆိုရင် လွတ်လပ်တဲ့စဉ်းစားဆင်ခြင်မှုကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြပါတယ်။

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူ ဒါမှမဟုတ် အမှီအခိုကင်းတဲ့ စဉ်းစားတွေးခေါ်သူတွေဟာ အများသူငါ ထင်မြင်ယူဆချက်တွေ၊ သဘောထားတွေအပေါ် မှီခို/ရေလိုက်ငါးလိုက် နေတတ်ကြတာထက် သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုသုံးပြီး အခြေအနေတွေကို ခွဲခြမ်းစိတ်ဖြာ စဉ်းစားတတ်သူတွေ ဖြစ်ကြပါတယ်။ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ စဉ်းစားတွေးခေါ်မှုတစ်ခု ဒါမှမဟုတ် ပြဿနာတစ်ရပ်ကို ချဉ်းကပ်ရာမှာ ရှုထောင့်မျိုးစုံကနေ အကဲဖြတ်နိုင်ဖို့အတွက် လက်လှမ်းမီသမျှ အထောက်အထားယူတာ၊ မေးခွန်းမေးတာတွေနဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်တဲ့ စွမ်းရည်တွေကို အသုံးပြုကြလေ့ရှိပါတယ်။

လွတ်လပ်စွာ စဉ်းစားဆင်ခြင်ခြင်းဟာ အခြားသူတွေရဲ့အမြင်နဲ့ ကွဲလွဲနေချိန်မှာတောင် ကိုယ့်ရဲ့ဝေဖန်ပိုင်းခြားနိုင်တဲ့စွမ်းရည်ကို အသုံးပြုပြီး ကိုယ့်ကိုယ်ကိုယ် သစ္စာစောင့်သိနေခြင်းလည်း ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ဆုံးဖြတ်ချက်တွေဟာ အခြားသူတွေရဲ့ အမြင်သဘောထားတွေနဲ့ ကွဲလွဲနေပေမယ့် သူတို့ဟာသူတို့တန်ဖိုးထားတာတွေအပေါ် ယုံကြည်မှုထားကြပါတယ်။ ဒါကြောင့်မို့ တိုးတက်ပြောင်းလဲလိုတဲ့ လူ့အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဦးဆောင်သူတွေဟာ လွတ်လပ်စွာစဉ်းစားဆင်ခြင်သူတွေရဲ့ ထူးခြားတဲ့ ချဉ်းကပ်ဖြေရှင်းနိုင်မှုတွေနဲ့ ဆန်းသစ်တဲ့ဖြေရှင်းမှုတွေကြောင့် သူတို့ကို တန်ဖိုးထားကြပါတယ်။ ဒုံအပြင် လွတ်လပ်စွာစဉ်းစားဆင်ခြင်သူတွေဟာ သူတို့ရဲ့ဆုံးဖြတ်နိုင်တဲ့ သဘောသဘာဝနဲ့ ကိုယ်တိုင်ဦးဆောင်လုပ်နိုင်တဲ့ စွမ်းရည်တွေကြောင့် တန်ဖိုးထားခံရသူတွေ ဖြစ်ကြပါတယ်။

အဲဒီလို လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေမှာ အခြားစဉ်းစားမှုပုံစံတွေနဲ့ မတူတဲ့အချက်တွေ ရှိကြပါတယ်။ သူတို့ရဲ့ထူးခြားတဲ့ အရည်အသွေးလို့လည်း ဆိုနိုင်ပါတယ်။

ပိုင်းခြားစိတ်ဖြာ ဆင်ခြင်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်တာနဲ့ ဝေဖန်ပိုင်းခြားစဉ်းစားမှုတို့ဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေကြပါတယ်။ ပိုင်းခြားစိတ်ဖြာ စဉ်းစားခြင်းဆိုတာက ဘက်လိုက်မှုနဲ့ မျက်ကန်းယုံကြည်မှုမရှိဘဲ သတင်းအချက်အလက်တွေကို အခြေခံပြီး ဆန်းစစ်အကဲဖြတ်ခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက သက်သေအထောက်အထားအခြေပြုပြီး ကောက်ချက်ဆွဲခြင်း ဖြစ်ပါတယ်။ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ နိုင်ငံရေး၊ ဘာသာရေး၊ သူတို့ရဲ့လုပ်ငန်း ဒါမှမဟုတ် ကိုယ်ရေးကိုယ်တာ ဘဝတွေနဲ့ ပတ်သက်နေရင်တောင်မှ အခြေအနေတစ်ရပ်ကို ပိုင်းခြားစိတ်ဖြာ စဉ်းစားသုံးသပ်ဖို့ အမြဲကြိုးစားတတ်ကြပါတယ်။

> **“ လွတ်လပ်စွာ စဉ်းစားဆင်ခြင်တဲ့အတွက်ကြောင့် ပြဿနာတွေဖြေရှင်းရာမှာ ကျိုးကြောင်းဆင်ခြင်မှုနဲ့ ဆန်းသစ်တွေးခေါ်မှုတွေ ရရှိလာစေပါ တယ်။ ဒါကြောင့် ကိုယ်ရည်ကိုယ်သွေးတိုးတက်လိုသူတွေ၊ တီထွင်ဖန်တီးမှု လိုလားသူတွေအတွက် လွတ်လပ်တဲ့ စဉ်းစားဆင်ခြင်မှုက အဓိကလိုအပ်ချက်အဖြစ် တွေ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတွေမှာဆိုရင် လွတ်လပ်တဲ့ စဉ်းစားဆင်ခြင်မှုကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြပါတယ် ”**

သံသယအမြဲထားတတ်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ မစူးစမ်းမဆင်ခြင်ဘဲ မယုံကြည်တတ်ကြပါဘူး။ အခြေအနေနဲ့ အဖြစ်အပျက်တွေဆိုတာ အခြားသူတွေထင်မြင်ထားတဲ့အတိုင်း အမြဲမဟုတ်နိုင်သလို အမှန်တရားဆိုတာကလည်း အကြွင်းမဲ့ဖြစ်ခဲတာကြောင့် သံသယနဲ့ အမြဲစူးစမ်းဆင်ခြင်စဉ်းစားကြလေ့ရှိပါတယ်။

အများရဲ့အမြင်သဘောထားကို အမြဲအားမကိုးတတ်ခြင်း

လွတ်လပ်စွာ စဉ်းစားသူတွေဟာ အများသူငါ ထင်မြင်ချက်တွေကို မေးခွန်းထုတ်ဆန်းစစ်မှု မရှိဘဲ လက်ခံလေ့မရှိကြပါဘူး။ အဲဒီလိုလုပ်တာက အများရဲ့အမြင်မှာ ထင်ပေါ်လိုတဲ့ သဘောမဟုတ်ပါဘူး။ သူတို့ဟာ အမှန်တရားကိုသာ အာရုံစိုက်လေ့ရှိကြပါတယ်။ ဒါကြောင့် သူတို့ဟာ မိုးခါးရေ မသောက်တဲ့သူတွေမဟုတ်ဘဲ ဝေဖန်ပိုင်းခြားစဉ်းစားပြီး ကျိုးကြောင်းညီညွတ်တဲ့ အဖြေကိုသာ ရှာဖွေကြဖို့ ကြိုးစားလေ့ရှိပါတယ်။

တစ်ယူမသန်ခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ ထူးခြားချက်တွေထဲမှာ တစ်ယူမသန်ခြင်းလည်း ပါပါတယ်။ တစ်ယူသန်စိတ်နဲ့ အဖွဲ့အစည်း၊ ဂိုဏ်းဂဏ၊ နိုင်ငံရေး၊ ဘာသာရေး စတာတွေကို မျက်စိစုံမှိတ်သစ္စာရှိတဲ့ ပုံစံမရှိတတ်ကြပါဘူး။ အများအားဖြင့် သူတို့ဟာ သတ်မှတ်ထားတဲ့အမြင်တွေနဲ့ ဆုံးဖြတ်လေ့မရှိကြပါဘူး။ သဘောက သူတို့ဟာ သူတို့ရဲ့ခံယူချက်တွေကို သတ်မှတ်ထားတဲ့ ပုံစံခွက်ထဲ ထိုးသိပ်ထည့်တာကို လက်မခံတတ်သူတွေပဲဖြစ်ပါတယ်။

အခြားသူပြောတိုင်း မလုပ်ခြင်း

လွတ်လပ်တဲ့ စဉ်းစားဆင်ခြင်မှုဆိုတာ မစဉ်းစားမဆင်ခြင်ဘဲ လက်ခံလိုက်နာခြင်းထက် မိမိကိုယ်တိုင်ရဲ့ ဆင်ခြင်တွေးတောမှုအပေါ် ရပ်တည်ခြင်းဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေဟာ စိတ်ဓာတ်တက်ကြွစေဖို့ လှုံ့ဆော်တဲ့ လေလုံးသက်သက် ပြောဆိုမှုတွေကို မျက်စိမှိတ်ယုံကြည်လေ့မရှိကြပါဘူး။ သူတို့ဟာ တစ်စုံတစ်ခုကို ဘာကြောင့်လုပ်ဖို့လိုအပ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိအောင် ကြိုးစားကြပြီး သူတို့ကိုယ်တိုင် ယုံကြည်လက်ခံမှ လုပ်ကိုင်တတ်သူတွေဖြစ်ပါတယ်။

သဘောထားပြောင်းလဲရန် မလွယ်ကူခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေဟာ အခြားသူတွေပြောကြားတာကို နားထောင်တတ်ကြပြီး အခြားသူတွေရဲ့ အမြင်နဲ့ရှုထောင့်ကိုလည်း ထည့်သွင်းစဉ်းစားကြပါတယ်။ ဒါပေမဲ့ အခြားသူတစ်ယောက်က သူ့ရဲ့သဘောထားနဲ့ ထင်မြင်ယူဆချက်ကို ပြောဆိုဖို့ ကြိုးစားနေရုံနဲ့ကတော့ လွတ်လွတ်လပ်လပ် စဉ်းစားသူတွေရဲ့စိတ်ကို အလွယ်တကူပြောင်းလဲဖို့ ခက်ခဲပါတယ်။ အဲဒီလိုဆိုလို့ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ သဘောထားတင်းမာသူ၊ ခေါင်းမာသူနဲ့ အစွန်းရောက်တဲ့သူတွေ မဟုတ်ကြပါဘူး။ သူတို့ဟာ အခြေအနေတစ်ရပ်ကို သူတို့ကိုယ်တိုင်ရဲ့ ချင့်ချိန်စဉ်းစားမှု မပါဘဲ မျက်စိမှိတ် လက်မခံတတ်ကြခြင်းဘဲ ဖြစ်ပါတယ်။ အခြားသူတွေရဲ့ ပြောဆိုမှုတွေ ဘယ်လောက်ခိုင်မာနေပါစေ၊ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူဟာ ဆုံးဖြတ်ချက်တွေမချခင်မှာ အကြောင်းအရာတွေရဲ့ ဘက်ပေါင်းစုံကို ဆင်ခြင်အကဲဖြတ်ကြလေ့ရှိပါတယ်။

လိုက်လျောညီထွေမရှိခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှုဟာ လိုက်လျောညီထွေဖြစ်မှု နည်းပါးကြပါတယ်။ အကြောင်းကတော့ သူတို့ဟာ အခြားသူတွေလုပ်နေတိုင်း ဆင်ခြင်စဉ်းစားမှုမပါဘဲ မလုပ်တတ်ကြလို့ဘဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ဖိအားတွေ ပြင်းထန်နေချိန်တောင်မှ မှီခိုမှုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေဟာ ထပ်မံဆင်ခြင်စဉ်းစားတာမရှိဘဲ အခြားသူတွေနောက်ကို လိုက်ရမယ့်အစား အခြားသူတွေရဲ့ လုပ်ဆောင်မှုတွေကို ဆန်းစစ်မေးခွန်းထုတ်တတ်ကြပါတယ်။ ဒါကြောင့် လိုက်လျောညီထွေမှု မရှိတာဟာ လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေရဲ့ အဓိက လက္ခဏာတစ်ရပ်အဖြစ် တွေ့နိုင်ပါတယ်။ ဒါပေမဲ့ လိုက်လျောညီထွေမှုမရှိတိုင်း လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူလို့ ဆိုလို့မရပါဘူး။

အတည်ပြုချက်မရှာခြင်း

လွတ်လပ်စွာ စဉ်းစားဆင်ခြင်သူတွေဟာ အခြားသူတွေရဲ့ ထောက်ခံမှုမရလည်း သူတို့ဘာလုပ်ရမယ်ဆိုတာကို သူတို့ကိုယ်တိုင်သိကြပါတယ်။ တစ်ခုခုမှန်တယ်လို့ သူတို့ခံစားရရင် ပတ်ဝန်းကျင်က လူတွေ (ဒါမှမဟုတ် အများစု) က သူ့ရွေးချယ်ဆုံးဖြတ်တာကို သဘောမတူခဲ့ရင်တောင်မှ သူတို့ယုံကြည်ရာကို ဆက်လက်လုပ်ကိုင်တတ်ကြပါတယ်။ ဒီတော့ အမှီအခိုကင်းကင်း လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်တာဟာ လူတစ်ဦးရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ပထမဦးစားပေးနေရာမှာ ထားခြင်းလို့လည်း ဆိုနိုင်ပါတယ်။

မျက်ကန်းယုံကြည်မှုမရှိခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်သူတွေရဲ့ လက္ခဏာတွေထဲမှာ မျက်ကန်းယုံကြည်မှုမရှိခြင်းဟာ အဓိကအချက်တစ်ရပ်အနေနဲ့ တွေ့ရပါတယ်။ သူတို့ဟာ သူတို့ရဲ့ သူငယ်ဖြစ်လို့၊ ဆရာဖြစ်လို့၊ အဆင့်မြင့်အရာရှိဖြစ်လို့၊ သူတို့အဖွဲ့အစည်းဖြစ်လို့ဆိုပြီး တစ်ဖက်သတ်ပြောသမျှကို ကျိုးကြောင်းမဲ့ မယုံတတ်ကြပါဘူး။ လူတွေရဲ့ သဘာဝအရ ဘယ်သူမဆိုမှားနိုင်တယ်ဆိုတာကို နားလည်လက်ခံထားကြပြီး တစ်ခါတစ်ရံမှာ လူတွေဟာ ထင်ထားတာထက် မတူညီတဲ့ရည်ရွယ်ချက်တွေကြောင့် ဖိအားပေးခံရတယ်ဆိုတာ လက်ခံထားသူတွေဖြစ်ကြပါတယ်။ နောက်ဆုံးကတော့ မြင့်မားတဲ့လူမှုရေးအခြေအနေ ဒါမှမဟုတ် ရာထူးအခြေအနေတွေရှိနေခြင်းကြောင့် အမြဲတမ်းမှန်ရမယ်လို့ အာမခံချက်ပေးထားခြင်းမရှိပါဘူး။ နောက်ပြီး အဲဒါဟာ မှန်ကန်တဲ့ လူသားတစ်ယောက်ဖြစ်ရမယ်လို့ ဆိုလိုတာ မဟုတ်ကြောင်း လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်သူတွေက လက်ခံထားကြပါတယ်။

တံဆိပ်ကပ်ခြင်းနှင့် ပုံသေအစွဲပြုစဉ်းစားမှု မပြုလုပ်ခြင်း

တံဆိပ်ကပ်ခြင်းနဲ့ တရားသေအစွဲပြုစဉ်းစားတဲ့ နည်းလမ်းက ခက်ခက်ခဲခဲ မစဉ်းစားရဘဲ ပိုမိုလွယ်ကူတဲ့နည်းလမ်းဖြစ်လို့ လူအများစုဟာ အဲဒီလွယ်ကူတဲ့ နည်းလမ်းတွေနဲ့ ဘက်လိုက်ကြတဲ့အတွက် တွေးခေါ်မှုဆိုင်ရာ သားကောင်တွေဖြစ်သွားတတ်ကြပါတယ်။ တချို့ဟာ အားမစိုက်ရတဲ့ အသိအမြင်ဆိုင်ရာဖြတ်လမ်းတွေကို လိုက်ကြတဲ့အတွက် ကိုယ်တိုင်နက်နက်နဲနဲ မတွေးတောမဆင်ခြင်ကြတော့ပါဘူး။

ဒါဟာ အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေနဲ့ အဓိကကွဲပြားတဲ့ပုံစံ ဖြစ်ပါတယ်။ အမှီအခိုကင်းကင်း စဉ်းစားသူတွေကတော့ မျက်စိမှိတ်ဘက်လိုက်ခြင်း၊ တံဆိပ်ကပ်ခြင်း၊ အသိအမြင်နဲ့ ပတ်သက်လို့ လိုရာဆွဲပြောဆိုခြင်းတို့လို လွတ်လပ်စွာ စဉ်းစားဆင်ခြင်မှုကို အကန့်အသတ်ဖြစ်စေတဲ့ ဘယ်လိုအရာတွေကိုမှ မနှစ်သက်ကြပါဘူး။

သတင်းအချက်အလက်တွေကို အပြန်အလှန်စစ်ဆေးခြင်း

အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတွေဟာ ဆုံးဖြတ်ချက်မချမီ သို့မဟုတ် နောက်ဆုံးကောက်ချက်မချမီ အချက်အလက်အားလုံးကို ဂရုတစိုက်အကဲဖြတ်တတ်ကြပါတယ်။

စာမျက်နှာ ၇ သို့ *

ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆွမ်းဆန်နှင့်နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်း



တောင်ကြီး ဧန်နဝါရီ ၁၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင် သီတင်းသုံးတော်မူကြသော သံဃာတော်များအား ဆွမ်းဆန်တော် အိတ် ၅၀ နှင့် နဝကမ္မငွေကျပ် သိန်း ၃၀ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မဟာရုံ၌ ပြုလုပ်သည်။

ငါးပါးသီလ ခံယူဆောက်တည်

ဆက်ကပ်လှူဒါန်းမှုတွင် နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဧည့်ပရိသတ်တို့က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ မဟာဓမ္မထိကဗဟုဇန ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ရေစက်သွန်းချ အမျှဝေ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွမ်းဆန်တော် အိတ် ၅၀ နှင့် နဝကမ္မအလှူငွေကျပ် သိန်း ၃၀ ကို ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်း) ဂေါက်သီး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိသည့်အားကစားအဖွဲ့များအား ဂုဏ်ပြု

ထားဝယ် ဧန်နဝါရီ ၁၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်း) ဂေါက်သီး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိသည့် အားကစားအဖွဲ့များအား ဂုဏ်ပြုပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားများအနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တိုင်းဒေသကြီး ဂေါက်သီးအားကစားအဖွဲ့ ရရှိလာသော တိုင်းဒေသကြီး ဆုဖလားကို ဝန်ကြီးချုပ်ထံ အပ်နှံပြီး အစိုးရအဖွဲ့က အကျောပေးပြိုင်ပွဲ တတိယဆု ရရှိသည့် တိုင်းဒေသကြီး ဂေါက်သီး အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်း၊ တစ်ဦးချင်းပြိုင်ပွဲ တတိယဆု ရရှိသော မောင်အောင်မျိုးထွန်းအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိသော တိုင်းဒေသကြီး မြန်မာ့သိုင်း အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်ခုနစ်သိန်း၊ ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ် ကိုးခု၊ ကြေးတံဆိပ် ငါးခုရရှိသော ပြေးခုန်ပစ်အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၀၃ သိန်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ် ကိုယ်စား တိုင်းဒေသကြီး မြန်မာ့သိုင်းအဖွဲ့ အုပ်ချုပ်သူ ဦးဇေယျာ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီး ဂေါက်သီးအားကစားအဖွဲ့ အား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းပေးအပ်ပြီး အားကစားအဖွဲ့များ ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းမင်းလတ်က ပြေးခုန်ပစ်အဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းပေးအပ်ပြီး ငွေးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

*** စာမျက်နှာ ၆ မှ**

ရည်ရွယ်ချက်ကတော့ သူရရှိတဲ့ သတင်းအချက်အလက်တွေက မှန်ကန်ဖို့နဲ့ ဓမ္မမိဠာန်ကျစေဖို့ဖြစ်ပါတယ်။

စိတ်ကိုဖွင့်ထားပြီး လိုရာဆွဲ ကောက်ချက်မချခြင်း

ဥပမာအနေနဲ့ လုပ်ငန်းခွင်ထဲက လူတစ်ဦးဟာ သူတို့သူငယ်အကြောင်းနဲ့ ပတ်သက်လို့ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံကနေ အတင်းအဖျင်းစကားကြားပြီး အခြေအနေ အလုံးစုံမဆန်းစစ်ဘဲ ကောက်ချက်ချဖို့ လွယ်ကူပါတယ်။ အမှီအခိုကင်းတဲ့ စဉ်းစားဆင်ခြင်သူတစ်ဦးကတော့ အဲဒီလိုလုပ်မှာ မဟုတ်ပါဘူး။ အဲဒီလိုဖြစ်စဉ်တွေမှာ ရှုထောင့်တစ်ခုထက် ပိုရှိတတ်တဲ့သဘာဝကို အမှီအခိုကင်းကင်း စဉ်းစားသူတွေက သိရှိထားကြပါတယ်။ ဒါကြောင့် သူတို့ဟာ ဖြစ်စဉ်တစ်ခုကို ရှုထောင့်ပေါင်းစုံကနေ သုံးသပ်နိုင်ဖို့အတွက် စိတ်ကို အမြဲဖွင့်ထားဖို့ ကြိုးစားကြပါတယ်။ စိတ်ကိုဖွင့်ထားတဲ့ ပုံစံဟာ အမှီအခိုကင်းကင်းစဉ်းစားသူတွေရဲ့ အရေးကြီးဆုံး လက္ခဏာတွေထဲက တစ်ခုဖြစ်ပါတယ်။

လှပတဲ့ လိမ်ညာမှုတွေထက် ရှုပ်ဆိုးတဲ့ အမှန်တရားတွေကို ပိုမိုနှစ်သက်ခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်မှုဆိုတာက အမှန်တရားတွေက ကိုယ့်အတွက် ဆွဲဆောင်မှုမရှိတဲ့အပြင် နာကျင်မှုရခဲ့ရင်တောင်မှ အဲဒီအမှန်တရားကို ဆုပ်ကိုင်ထားခြင်းလို့ ဆိုနိုင်ပါတယ်။ လွတ်လွတ်လပ်လပ်စဉ်းစားသူတွေဟာ အမှန်တရားအတွက် ကိုယ့်ရဲ့ မျှော်လင့်ချက်တွေ မပြည့်ဝနိုင်ဘူးဆိုတာကို သိခဲ့ရင်တောင်မှ အဲဒီအမှန်တရားကို ရှောင်ဖယ်မသွားတတ်ကြပါဘူး။ ဒုံအပြင် တစ်ဝက်တစ်ပျက် အမှန်တရားတွေနဲ့ အဖြူရောင်မုသားတွေကို အသံကောင်းဟစ်ပြနေတတ်တာတွေကို လွတ်လွတ်လပ်လပ်စဉ်းစားသူတွေက လက်မခံကြပါဘူး။

အခြားသူတွေ စဉ်းစားတာကို အလေးမထားတတ်ခြင်း

လွတ်လွတ်လပ်လပ် စဉ်းစားသူတွေဟာ အခြားသူတွေရဲ့သဘောထားတွေကို စဉ်းစားချင့်ချိန်တဲ့ အခါမှာ အခြားသူတွေက သူတို့အပေါ်ထားတဲ့ ယုံဆချက်တွေနဲ့ ပတ်သက်ပြီး အထူးအလေးမထားကြပါဘူး။ လွတ်လွတ်လပ်လပ် စဉ်းစားသူတွေဟာ အခြားသူတွေက သူတို့အပေါ်နှစ်သက်မှုနဲ့ လက်ခံမှုတွေအတွက်လည်း စိတ်ပူမနေကြဘူး။ အခြားသူတွေက သူ့အပေါ်ထားတဲ့ သဘောထားတွေထက် ရိုးသားပြီး မျှတမှုရှိတဲ့ လူသားတစ်ဦးဖြစ်ဖို့ကို ပိုပြီး ဂရုစိုက်ကြပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အချက်တွေကတော့ လွတ်လွတ်လပ်လပ် စဉ်းစားတတ်သူတွေမှာ တွေ့ရှိရလေ့ရှိတဲ့ လက္ခဏာတွေပဲ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် စဉ်းစားဆင်ခြင်မှုနဲ့ မတူတဲ့ ပုံစံတစ်ခုကတော့ မှီခိုစဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။

မှီခိုစဉ်းစားတွေးခေါ်ခြင်း

လွတ်လွတ်လပ်လပ် ဒါမှမဟုတ် အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်ခြင်းရဲ့ ဆန့်ကျင်ဘက်ကတော့ မှီခိုစဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။ အမှီအခိုကင်းကင်း စဉ်းစားဆင်ခြင်သူက သူ့ရဲ့ ကိုယ်ပိုင် စဉ်းစားဆုံးဖြတ်နိုင်စွမ်းနဲ့ ကျိုးကြောင်းဆီလျော်မှုအပေါ် ရပ်တည်ပြီး အမှန်တရားကို ရှာဖွေပေမယ့် မှီခိုစဉ်းစားတွေးခေါ်သူကတော့ အခြားသူတွေရဲ့ အကြံဉာဏ်၊ ရှုမြင်မှု၊ စဉ်းစားတွေးခေါ်မှု၊ အသိအမြင်တွေကတစ်ဆင့် သူတို့အတွက် အတွေးအမြင်၊ အကြံဉာဏ်၊ ညွှန်ကြားမှု၊ အသိအမြင်တွေကို ရယူစုဆောင်းကြသူတွေပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကိုယ်တိုင်စဉ်းစားဆုံးဖြတ်မှုထက် အခြားသူတွေရဲ့ စဉ်းစားဆုံးဖြတ်တာတွေအပေါ် တစ်ဆင့်ခံမှီခိုနေသူတွေ ဖြစ်ပါတယ်။ အဲဒီလိုမှီခိုစဉ်းစားတွေးခေါ်သူမှာ ကိုယ်ပိုင်အသိအမြင် မပိုင်ဆိုင်ထားကြသူတွေရှိသလို အသုံးမချတတ်သူတွေနဲ့ အသုံးမချနိုင်တဲ့သူတွေလည်း ရှိကြပါတယ်။ အတွေးအခေါ်မှီခိုသူတွေမှာ တွေ့ရလေ့ရှိတဲ့ ပုံစံတွေထဲမှာဆိုရင် ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းအားနည်းမှု၊ သူတစ်ပါး/ အများရဲ့ လောင်းရိပ်မိမှု သို့မဟုတ် မလွန်ဆန်နိုင်မှု၊ မိမိကိုယ်မိမိ မယုံကြည်မှု၊ ကိုယ်ကျိုးစီးပွားအတွက် မှီခိုမှုစတဲ့ ပုံစံတွေ ဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွက်

ဒီကနေ့ ကမ္ဘာကြီးဟာ ဘယ်သူမှ သီးသန့်ခွဲခြားရပ်တည်လို့ မရတော့ပါဘူး။ ကဏ္ဍတိုင်းဟာ အပြန်အလှန် ဆက်နွယ်နေကြပါတယ်။ ဒါကြောင့် ကမ္ဘာကြီးရဲ့တစ်ဖက်ခြမ်းက အဖြစ်အပျက်တွေက ကိုယ်နဲ့တိုက်ရိုက်မသက်ဆိုင်ပေမယ့် အကျိုးဆက်တွေကတော့ ရိုက်ခတ်တတ်ကြပါတယ်။ Butterfly Effect လိုပါပဲ။ ကမ္ဘာကြီး တစ်ဖက်ခြမ်းက လိပ်ပြာတစ်ကောင်ရဲ့ အတောင်ခတ်သံကတစ်ဆင့် ဖြစ်လာတဲ့ ဆင့်ကဲအကျိုးဆက်တွေက ကမ္ဘာ့အခြားတစ်ဖက်ခြမ်းမှာ ပြင်းထန်တဲ့ လေမုန်တိုင်းတွေကို ဖြစ်စေတယ်လို့ ဆိုပါတယ်။

ဒီလိုပါပဲ တစ်ဦးတစ်ယောက်ချင်းစီရဲ့ စဉ်းစားတွေးခေါ်မှုနဲ့ ပြုမူဆောင်ရွက်မှုတွေက သေးငယ်တယ်ထင်ရပေမယ့် ဖြစ်လာတဲ့ အကျိုးဆက်တွေကတော့ လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ် အကျိုးသက်ရောက်စေနိုင်ပါတယ်။ အခုဆိုရင် ကမ္ဘာကြီးမှာ တိုးတက်မှု၊ ဖွံ့ဖြိုးမှုတွေရှိနေပေမယ့် တစ်ဖက်မှာ လူသားတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ဆိုင်တဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေ၊ သတင်းဖောင်းပွမှုတွေ၊ လူမှုရေးတရားမျှတမှု ကင်းမဲ့လာမှုတွေ စတဲ့အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဒီလိုအကျပ်အတည်းတွေကို ရင်ဆိုင်ကျော်လွှားဖို့နဲ့ နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် သမားရိုးကျစဉ်းစားတွေးခေါ်တဲ့ပုံစံတွေ၊ ဘောင်ခတ်ထားတဲ့စဉ်းစားမှုပုံစံတွေ၊ မှီခိုစဉ်းစားတဲ့ပုံစံတွေထက် ပြဿနာဖြေရှင်းရေးဆိုင်ရာ ပိုမိုမြင့်မားတဲ့ စွမ်းရည်နဲ့ စဉ်းစားဆင်ခြင်မှုပုံစံတွေ လိုအပ်ပါလိမ့်မယ်။ အဲဒီလို တွေးခေါ်မှုစွမ်းရည်တွေ မြင့်တက်လာမှ တစ်ဦးနဲ့တစ်ဦးအကြား အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ စာနာနားလည်မှု၊ ဆန်းသစ်တဲ့ အသိအမြင်တွေနဲ့ လူ့အဖွဲ့အစည်းကို ပိုမိုအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ။

ကိုးကား

– https:// www .learning-mind.com/ independent-thinker-definition-signs/

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)–Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scentinal)၊ Aeroqual (Series–500 Portable Air Quality Monitor) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide(NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်		တိုင်းတာသည့် Parameter များ					
			၂.၅ မိုက်ခရွန် အရွယ်ရှိ သော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိ သော အမှုန် အမွှားများ	ဆာလဖာ ဒိုင် အောက် ဆိုဒ်	နိုက်ထရိ ဂျင်ဒိုင် အောက် ဆိုဒ်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုဒ်
၁	ပြည်ထောင်စုနယ်မြေ နေပြည်တော်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ်	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	လက်ခံနိုင်သော	ကောင်းမွန်သော			
၂	ရန်ကုန်တိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ်	လက်ခံနိုင်သော	ကောင်းမွန်သော				
၃	မန္တလေးတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း အမရပူရမြို့နယ် မန္တလေးမြို့	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	ကောင်းမွန်သော				
	၂	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့	ကောင်းမွန်သော			ခံနိုင် ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	ကောင်းမွန်သော	
	၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့	ကောင်းမွန်သော					
	၄	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်သော		ထိခိုက်စေနိုင်	ကောင်းမွန်သော	လက်ခံနိုင်သော
၄	စစ်ကိုင်းတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	လက်ခံနိုင်သော	ကောင်းမွန်သော			
၅	တနင်္သာရီတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့	ကောင်းမွန်သော					တိုင်းတာနိုင်ခြင်း မရှိပါ။
၆	ကချင်ပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့	ကောင်းမွန်သော					တိုင်းတာနိုင်ခြင်း မရှိပါ။
၇	ကရင်ပြည်နယ်							
	၁	စည်ပင်သာယာရေး အဖွဲ့ရုံးဝင်း ဘားအံမြို့	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	ကောင်းမွန်သော				
၈	မွန်ပြည်နယ်							
	၁	ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	လက်ခံနိုင်သော	ကောင်းမွန်သော	လက်ခံနိုင်သော	ကောင်းမွန်သော
၉	ရခိုင်ပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့	ကောင်းမွန်သော					
	၂	တောင်ရင်းအုပ်စု တိုးချဲ့ရပ်ကွက် ကျောက်ဖြူမြို့	ထိခိုက်စေနိုင်	ခံနိုင်ရည်နည်းပါးသူ အတွက် ထိခိုက်နိုင်	ကောင်းမွန်သော			
၁၀	ရှမ်းပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့	လက်ခံနိုင်သော	တိုင်းတာနိုင်ခြင်း မရှိပါ။				
	၂	ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့	လက်ခံနိုင်သော		ကောင်းမွန်သော		တိုင်းတာနိုင်ခြင်း မရှိပါ။	ကောင်းမွန်သော
	၃	ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့	တိုင်းတာနိုင်ခြင်း မရှိပါ။	လက်ခံနိုင်သော	ကောင်းမွန်သော		တိုင်းတာနိုင်ခြင်း မရှိပါ။	ကောင်းမွန်သော

လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index – AQI)

0–50	လေထုအရည်အသွေး ကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထု အရည်အသွေးရှိသည့် အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သရေစည်သူဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ကွယ်လွန်)ကိုယ်စား ဧနီးဖြစ်သူ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးထွန်းရင်လော(ကွယ်လွန်) ကိုယ်စား ဧနီးဖြစ်သူ ဒေါ်နန်းဗိုလ်လား ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း စည်သူဘွဲ့ရရှိသူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်မှူးချုပ် သောင်းဒန်(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးမျိုးဒန် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် လယ်ယာစီးပွားထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ရဲဗလတံဆိပ်ရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ဧရယျာစီမံထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။

✪ ကျောဖုံးမှ

တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းကြသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် သတိုးမဟာသရေ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ဝန်ကြီးချုပ် ဦးစိန်ဝင်း(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးဇော်ဝင်း၊ သရေစည်သူဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ကွယ်လွန်) ကိုယ်စား ဧနီးဖြစ်သူ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်း၊ စည်သူဘွဲ့ရရှိသူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်မှူးချုပ် သောင်းဒန်(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးမျိုးဒန်၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးထွန်းရင်လော(ကွယ်လွန်) ကိုယ်စား ဧနီးဖြစ်သူ ဒေါ်နန်းဗိုလ်လား၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင် ဗိုလ်ချုပ် ဥာဏ်လင်း(ကွယ်လွန်)ကိုယ်စား ဧနီးဖြစ်သူ ဒေါ်ငြေးငြေးရီ တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌လည်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆုရရှိကြသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လယ်ယာစီးပွား ထူးချွန်ဆုရရှိသူ တစ်ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ တစ်ဦး၊ ဧရယျာစီမံထူးချွန်ဆုရရှိသူ ၈၀ နှင့် ရဲဗလတံဆိပ်ရရှိသူ တစ်ဦး စုစုပေါင်း ၈၃ ဦးတို့ကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှု ၁၁ မှုတို့တွင် ပူးပေါင်းပါဝင်၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စားသုံးကုန်သွယ် အကျိုးကြွယ်ဖို့ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ တိုးမြှင့်စို့

အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

ကမ္ဘာ့လူသားတိုင်း၏ ဘဝရပ်တည်မှုတွင် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတို့အတွက် အသုံးပြုရသောအရာဝတ္ထုပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေးသည် သုံးစွဲသူ သို့မဟုတ် စားသုံးသူများကို စိတ်ကျေနပ်မှုပေးနိုင်ရမည်။ အရည်အသွေးမီ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်းသည်ပင် အသက်ရှည်ကျန်းမာစေသော အကြောင်းတစ်ရပ်ဖြစ်ပေသည်။

အရည်အသွေး

အရည်အသွေးဆိုသည်မှာ "ထုတ်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် စားသုံးသူ သို့မဟုတ် သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ၎င်းတို့၏ကြန်အင်လက္ခဏာစု" ဖြစ်သည်ဟူ၍တစ်မျိုး၊ အခြားအဓိပ္ပာယ်သတ်မှတ်ချက်အနေဖြင့် "စားသုံးသူများ၏မျှော်မှန်းချက်အပြင် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ပါ ကိုက်ညီမှုရှိပြီးနိုင်ငံတော်က အခါအားလျော်စွာပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့်ပါ အကျုံးဝင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ ကြန်အင်လက္ခဏာစု" ဟူ၍လည်းတစ်ဖုံ မှတ်သားခဲ့ဖူးပါသည်။

အထက်ပါ အဓိပ္ပာယ်သတ်မှတ်ချက်များအရ ထုတ်ကုန်တိုင်း၊ ဝန်ဆောင်မှုတိုင်းသည် အရည်အသွေးဟူသော ဝေါဟာရနှင့်ကင်းကွာ၍ မရနိုင်ပေ။ ထို့ပြင်စားသုံးသူ၏ သဘာဝအရလည်း ငွေကြေးတတ်နိုင်လျှင်တတ်နိုင်သလောက် အရည်အသွေးမြင့်သည့်အရာများကိုသာ တိုးမြှင့်သုံးစွဲလိုကြသည်ဖြစ်ရာ လုပ်ငန်းရှင်တိုင်းသည် ထိုအချက်ကို အလေးထားပြီး မိမိတို့၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများကို အရည်အသွေးစီမံခန့်ခွဲမှုပြုလုပ်ကြရမည်ဖြစ်ပါသည်။

အရည်အသွေးစီမံခန့်ခွဲမှု ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ မိမိတို့၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအားအသုံးပြု၍ စိတ်ကျေနပ်မှုကို မြှင့်တင်ရန်နှင့် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု သေချာစေရန်တို့ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေးစီမံခန့်ခွဲမှုလုပ်ငန်း၏ အစိတ်အပိုင်းလေးခုဖြစ်သည့် အရည်အသွေးပိုင်းဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း (Quality Planning)၊ အရည်အသွေးထိန်းသိမ်းခြင်း (Quality Control)၊ အရည်အသွေးဆိုင်ရာအာမခံချက်ပေးခြင်း (Quality Assurance)နှင့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် တိုးတက်မှုရှိစေရေးဆောင်ရွက်ခြင်း(Quality Improvement) တို့ကို အချိတ်အဆက်မိမိဆောင်ရွက်ရန် လိုအပ်လှပါသည်။

အထက်ပါအတိုင်း အရည်အသွေးစီမံခန့်ခွဲမှု ဆောင်ရွက်ခြင်းကို စနစ်တကျပြုလုပ်ထားပြီးသော လုပ်ငန်းရှင်များသည် မိမိတို့၏ထုတ်ကုန်အပေါ် အရည်အသွေးပိုင်းအရ ယုံကြည်မှုရှိနေမည်ဖြစ်သော်လည်း မိမိတို့ထုတ်ကုန်၏ အရည်အသွေးကို မိမိတို့ကိုယ်တိုင်ထောက်ခံပြောဆိုရုံဖြင့် စျေးကွက်တင်ပို့၍ မရနိုင်ပေ။ စျေးကွက်သို့တင်ပို့သည့်အခါ မိမိတင်ပို့လိုသည့်စျေးကွက် သို့မဟုတ် နိုင်ငံ၏အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန်ကလည်း အရေးကြီးလှပေသည်။ နိုင်ငံတကာ၏ သတ်မှတ်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါကြောင်းကို သက်သေပြပေးနိုင်သည့် စမ်းသပ်စစ်ဆေးမှုများ၊ ထောက်ခံချက်များလိုအပ်လာမည်ဖြစ်ပါသည်။ ထိုအခါ အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်(Quality Management Sector) တစ်ခုလုံး ပါဝင်လာရမည်ဖြစ်ပါသည်။

အဓိကပါဝင်သောအကြောင်းအရာများ

ကုန်သွယ်မှုနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်တွင် အဓိကပါဝင်သောအကြောင်းအရာများမှာ "အမျိုးသားအရည်အသွေးဆိုင်ရာ အဆောက်အအုံ" (National Quality Infrastructure) တွင် အဓိကကျသော–

(က) စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardiza–tion)
(ခ) တိကျစွာတိုင်းတာခြင်း (Metrology)
(ဂ) အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း (Conformity Assessment)
(ဃ) အသိအမှတ်ပြုခြင်း (Accreditation)
(င) အရည်အသွေးထောက်ခံချက်ပြုရေးအဖွဲ့ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း (Certification)တို့ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်များကို သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီနှင့် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါသည်။ နည်းပညာဆပ်ကော်မတီပေါင်း ၂၅ ခုရှိသည့်အနက် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စံချိန်စံညွှန်းများတွင် ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများ (Voluntary Standards)နှင့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများ (Mandatory Standards) ဟူ၍ ရှိပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာစံချိန်စံညွှန်းများကို ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများအဖြစ် ချမှတ်လျက်ရှိရာ မြန်မာစံချိန်စံညွှန်း (၇၅၆) ခုအား ဦးစားပေးကဏ္ဍအလိုက် အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ စံချိန်စံညွှန်းများအနက် မိမိတို့နိုင်ငံတွင် မဖြစ်မနေလိုက်နာရန် လိုအပ်သောစံချိန်စံညွှန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများအဖြစ် နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် (Technical Regulation) များ ချမှတ်ရမည်ဖြစ်ပါသည်။

စံချိန်စံညွှန်းဆိုသည်ကား

အမှန်စင်စစ် စံချိန်စံညွှန်းဆိုသည်ကား နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာကဏ္ဍတစ်ခု၌ အနိမ့်ဆုံးသတ်မှတ်ချက်ကို ပြည့်မီစေရန်ရည်ရွယ်၍ သတ်မှတ်ထားသည်ဖြစ်ရာ ယင်းသတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်သင့်ပေသည်။ ထိုသို့ဖြည့်ဆည်းဆောင်ရွက်ထားခြင်းဖြင့် မိမိတို့၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် တတိယအဖွဲ့အစည်းအဖြစ် စစ်ဆေးသူ (Third Party) များ၏ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းစဉ်များ ဖြစ်သော အရည်အသွေးပိုင်းဆိုင်ရာစုံစမ်းစစ်ဆေးခြင်း (Inspection)၊ စမ်းသပ်စစ်ဆေးခြင်း (Testing) နှင့် စံဖြင့်တိုက်ဆိုင်စစ်ဆေးခြင်း (Calibration) တို့ကို အောင်မြင်စွာဖြတ်ကျော်နိုင်ပြီး ၎င်းတို့ပေးအပ်သော အရည်အသွေးကိုက်ညီကြောင်း သက်သေခံလက်မှတ် (Certificate)ကို ရရှိနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းလုပ်ငန်းတွင်ပါဝင်သော စမ်းသပ်စစ်ဆေးခြင်း (Testing) ကို ဓာတ်ခွဲခန်းများက ဆောင်ရွက်ပေးလေ့ရှိပါသည်။ အဆိုပါစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်းများအနေဖြင့်လည်း မိမိတို့ဝန်ဆောင်မှုပြုရသော လုပ်ငန်းများအပေါ်တွင် လူအများလက်ခံယုံကြည်မှုရှိစေရန်နှင့် မိမိတို့၏ ရလဒ်ကိုပြည်ပနိုင်ငံရှိ ဓာတ်ခွဲခန်းများကပါ လက်ခံမှုရှိစေရန်ရည်ရွယ်၍ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ဥပမာ –ISO/IEC 17025: 2017) ကို ရယူထားရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံရှိဓာတ်ခွဲခန်းများသည် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (Accreditation on ISO/IEC 17025: 2017) ရရှိထားခြင်းဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ထုတ်ကုန်များကို အချိန်နှင့် ငွေကြေးသက်သာစွာဖြင့် စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်သကဲ့သို့ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများတွင်ပါ အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

စျေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများကဲ့သို့ပင် ပို့ကုန်တိုးတက်ရေးအတွက် စျေးကွက်ဝေစုပိုမိုရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀–၂၀၂၅)ကို ကဏ္ဍ (၁၈) ခုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုမဟာဗျူဟာတွင် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍသည် ကုန်သွယ်မှုအထောက်အကူပြုကဏ္ဍများ၌ တစ်ခုအပါအဝင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်ကို အားကောင်းလာစေရန် ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းလည်းမည်ပေသည်။

ကုန်သွယ်မှုကဏ္ဍတွင် ဖွံ့ဖြိုးဆဲနိုင်ငံယ်များ ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော အခွန်အခမဟုတ်သည့် အတားအဆီးများ (Non–Tariff Barriers or Non–Tariff Measures) အနက် တစ်ခုမှာ နည်းပညာဆိုင်ရာအတားအဆီး (Technical Barrier) ပင်ဖြစ်ပါသည်။ ၎င်းမှာထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး(Food Safety)၊ တိရစ္ဆာန်နှင့် အပင်များတွင် ကူးစက်ရောဂါကင်းစင်ရေး (Sanitary and Phyto Sanitary) တို့သာမက မဖြစ်မနေလိုက်နာရန် သတ်မှတ်ထားသော နည်းပညာဆိုင်ရာနှင့် ဆန္ဒအလျောက်လိုက်နာနိုင်သော စံချိန်စံညွှန်းများလည်း ပါဝင်နေပေသည်။

စာမျက်နှာ ၁၁ သို့ ◆

> **"မြန်မာနိုင်ငံ၏ အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်ကို လေ့လာကြည့်မည်ဆိုလျှင် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း၌ စမ်းသပ်စစ်ဆေးခြင်း (Testing) အပိုင်း၏အဓိကဖြစ်သော ဓာတ်ခွဲခန်းများတွင် ဈေးကွက်မှ တောင်းဆိုသောစစ်ဆေးမှု (Testing Parameter) များကို တိုးချဲ့ရန်၊ စမ်းသပ်စစ်ဆေးရာတွင် အသုံးပြုသော စက်ကိရိယာများ ခေတ်မီဆန်းသစ်မှုရှိရန်နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO Accreditation) ရယူထားရန်တို့ကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် ဓာတ်ခွဲခန်းပညာရှင်၊ ဝန်ထမ်း စသော လူသားအရင်းအမြစ် (Human Resource) ကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်စေရန်လည်း ကြိုးပမ်းကြရမည်"**

သုံးနှစ်နီးပါးပိတ်ထားခဲ့သည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား(မြဝတီ) ပြန်လည်ဖွင့်လှစ်

မြဝတီ ဧန်နဝါရီ ၁၂

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားကို ကိုဗစ်-၁၉ ရောဂါကြောင့် သုံးနှစ်နီးပါး ပိတ်ထားခဲ့ရာမှ ယနေ့နံနက် ၈ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်ရန်အတွက် ထိုင်းနိုင်ငံဘက်ကမ်းရှိ Terminal အဆောက်အအုံ ဒုတိယထပ်တွင် ယနေ့နံနက် ၇ နာရီက နှစ်နိုင်ငံတာဝန်ရှိသူများတွေ့ဆုံဆွေးနွေးပြီး နံနက် ၈ နာရီခွဲတွင် ချစ်ကြည်ရေးတံတားကို ဖွင့်လှစ်ခဲ့သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်အရာရှိများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာဆွန်ချိုင်းကစ်ကျလိန်းလုလို့နှင့် တာဝန်ရှိသူများ၊ ထိုင်း -မြန်မာ မြို့နယ်အဆင့်နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖုန်စထောန်နစ်ဖရာ့နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုသည်။

အမှတ် (၁) ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ခြင်းကြောင့် မြဝတီ - မဲဆောက် ဈေးဝယ်၊ ဈေးသည် ခရီးသွားလာရေး အဆင်ပြေမည်ဖြစ်ပြီး မြဝတီ- မဲဆောက်ခရီးသည်ပို့ဆောင်ရေးယာဉ်ငယ်များ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ ပြန်စတင်နိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံဘက်သို့ ဝင်ရောက်မည့်သူများကို ချစ်ကြည်ရေးတံတားအမှတ်(၁) မြဝတီဘက်၌ ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးလျက်ရှိပြီး လိုင်စင်ရှိအိမ်စီးကားများသွားလာခွင့်ပြုသလို ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီး လက်မှတ်ပါရှိရမည်ဖြစ်သည်။

မြန်မာ-ထိုင်း မြဝတီ- မဲဆောက် ချစ်ကြည်ရေးတံတား အမှတ်(၁)ကို ကိုဗစ်-၁၉ ရောဂါ စတင်ပျံ့နှံ့ခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် နှစ်နိုင်ငံ အစိုးရ တာဝန်ရှိသူများညှိနှိုင်းကာ ပိတ်ထားခဲ့ခြင်း ဖြစ်သည်။

ဖြတ်သန်းခွင့်ပေး

မြန်မာ - ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားသည် မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့ကို ဆက်သွယ်သွားလာရန်အတွက် သောင်ရင်းမြစ်ကို ဖြတ်ကျော်ကာ ၁၉၉၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မီတာ ၄၂၀ (ပေ ၁၃၈၀) ရှည်လျားကာ ၁၃ မီတာ (၄၂ ပေ ရှစ်လက်မ) ကျယ်ဝန်းသည်။ ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော အမှတ် (၂) ချစ်ကြည်ရေးတံတားမှာ ကုန်စည်ပို့ဆောင်ရေးအတွက်အသုံးပြုလျက်ရှိပြီး အမှတ် (၁)တံတားမှ လူနှင့် ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

■

တိုက်ကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းကောက်ယူ

တိုက်ကြီး ဧန်နဝါရီ ၁၂

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အတွင်းရှိ ရပ်ကွက် / ကျေးရွာများတွင် အိမ်ထောင်စု လူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး သတ်မှတ်စာရင်းပုံစံများဖြင့် တစ်အိမ်တက်ဆင်း စာရင်းများဆက်လက်ကောက်ယူနေမှုကို ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက ယနေ့နံနက် ၁၀ နာရီခွဲတွင် မြို့နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်း ကောက်ယူနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ လိုက်လံကြည့်ရှုအားပေးရာတွင် တိုက်ကြီးမြို့နယ် တာခွ ကျေးရွာအုပ်စု "ကောင်းကြီးပရဟိတလူငယ်ဂေဟာ"၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းများ ကောက်ယူသော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့များ၏ မြေပြင် စာရင်းကောက်ယူမှု အခြေအနေကို ခရိုင်/မြို့နယ် မြေပြင် ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲမှူးကြီးဝင်းထွေး၊ ခရိုင် မြေပြင် ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ခရိုင် လ.ဝ.က ဦးစီးမှူး၊ တွဲဖက်အတွင်းရေးမှူး ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်မင်းထွေးနှင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က ကြည့်ရှုအားပေးကြပြီး စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စာရင်းများ မှန်ကန်မှုရှိစေရေး ကွင်းဆင်းကြည့်ရှု ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

ထန်းတပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသ

ထန်းတပင် ဧန်နဝါရီ ၁၂

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက UMG ကုမ္ပဏီနှင့်ပူးပေါင်း၍ ဒေသခံတောင်သူများအား (6 Roll Kubota Rice Transplanter) ကောက်စိုက်စက်ကို အသုံးပြုကာ နွေစပါးလက်တွေ့စိုက်ပျိုး ပြသခြင်းနှင့် မက်တာဒေါ လယ်ထွန်စက်ကြီးများ မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေကွင်းအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ရေပေါ်သောင်ကျေးရွာ ရေပေါ်သောင်ကွင်းတွင် ကျင်းပသည်။

ကောက်စိုက်စက်ဖြင့်နွေစပါးလက်တွေ့ စိုက်ပျိုးပြသပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးဦးသန်းထွဋ်တို့က နွေစပါးစိုက်ပျိုးမှု အခြေအနေများနှင့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက စပါးစိုက်ပျိုးပုံနည်းစနစ်များ အကြောင်းကို တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် UMG ကုမ္ပဏီမှ မန်နေဂျာ ဦးသန်းဇော်လင်းက ကောက်စိုက်စက်ဖြင့် နွေစပါး မက်တာဒေါလယ်ထွန်စက်ကြီးများ ရောင်းချပေးမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့်လည်းကောင်း၊ UMG ကုမ္ပဏီမှ တာဝန်ရှိသူများက မက်တာဒေါလယ်ထွန်စက်ကြီးများဖြင့် လည်းကောင်း နွေစပါးများကို လက်တွေ့စိုက်ပျိုးပြသပေးသည်။

ဇင်မင်းထိုက်(ထန်းတပင်)

◆ **စာမျက်နှာ ၁၀ မှ**

ကုန်သွယ်မှုကဏ္ဍ၌ တရားမျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုများကို တားဆီးနိုင်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (World Trade Organization– WTO)တွင် SPS Agreement နှင့် TBT Agreement များကို လက်မှတ်ရေးထိုးထားကြရသော်လည်း အချို့စမ်းသပ်စစ်ဆေးမှုရလဒ်များတွင် အခက်အခဲများရှိနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်ကို လေ့လာကြည့်မည်ဆိုလျှင် အရည်အသွေး ကိုက်ညီမှုစစ်ဆေးခြင်း၌ စမ်းသပ်စစ်ဆေးခြင်း (Testing) အပိုင်း၏အဓိကဖြစ်သော ဓာတ်ခွဲခန်းများတွင် ဈေးကွက်မှတောင်းဆိုသောစစ်ဆေးမှု (Testing Parameter) များကို တိုးချဲ့ရန်၊ စမ်းသပ်စစ်ဆေးရာတွင် အသုံးပြုသော စက်ကိရိယာများ ခေတ်မီဆန်းသစ်မှုရှိရန်နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO Accreditation) ရယူထားရန်တို့ကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် ဓာတ်ခွဲခန်းပညာရှင်၊ ဝန်ထမ်းစသော လူသားအရင်းအမြစ် (Human Resource) ကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်စေရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံတွင် အရည်အသွေးစီမံခန့်ခွဲမှု နယ်ပယ်တစ်ခုလုံး ခိုင်မာအားကောင်းလာသည်နှင့်အမျှ ခေတ်သစ်ကုန်သွယ်မှု၌ ဈေးကွက်အသစ်နှင့် ဝယ်လိုအားများသော ဈေးကွက်များ ဖန်တီးဖော်ဆောင်နိုင်မည်သာမက စားသုံးသူယုံကြည်မှုလည်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏တည်နေရာအနေအထား အရလည်း အိန္ဒိယ၊ တရုတ်ကဲ့သို့သော လူဦးရေပမာဏကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသောကြောင့် အရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၏အခွင့်အလမ်းသစ်များနှင့် ပို့ကုန်ချဲ့ထွင်နိုင်စွမ်းများကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

ဒိုက်ဦးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူ

ဒိုက်ဦး ဧန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးသည် ဒိုက်ဦးမြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးမိုးနှင့်အတူ ဧန်နဝါရီ ၁၀ ရက်တွင် ဒိုက်ဦးမြို့နယ် ကုန်သည်ရပ်ကွက်နှင့် မင်းတဲရပ်ကွက်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စု လူဦးရေစာရင်းပုံစံ ၆၆/၆ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် လူဦးရေစာရင်း ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ခရိုင်အုပ်ချုပ်ရေးမှူးက မြေပြင် လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူးပေါင်း ကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၆၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၆၇,၂၅၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃,၇၃၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မကွေးမြို့ အထက(၁)၌ လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲ ကျင်းပ

မကွေး ဧနှစ်ဝါရီ ၁၂

မကွေးမြို့ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုက ဦးဆောင်၍ ယနေ့မွန်းလွဲ ၁ နာရီတွင် မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲတွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မကွေး)မှ ရဲအုပ် ဟန်ဇော်လင်းက လူကုန်ကူးခံရမှုတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းမှု အပေါ် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မကွေး)မှ ရဲအုပ်ဟန်ဇော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ကျေးရွာ ရှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်းပေါင်း ၃၀၀၀ ထုတ်ချေးမှုပြီးစီး

မြင်းခြံ ဧနှစ်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကျေးရွာ ရှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၀၀၀ ထုတ်ချေးပြီးစီးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ထုတ်ချေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် သဲတောကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ချဉ်မြစ်ကျင်းကျေးရွာ၊ ရွာသာအေးကျေးရွာ၊ သံဖြူဝ(မ)-ကိုင်း(မ) ကျေးရွာ၊ တဲကြီးကျေးရွာ၊ အင်ကြင်းပင်ကျေးရွာနှင့် ခူဝံကျေးရွာတို့ရှိ အသင်းသား အသင်းသူများနှင့် တွေ့ဆုံပြီးစီမံကိန်းအကြောင်းအရာများ၊ အတိုးနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းရန်ပုံငွေများကို ကျေးရွာ ရှစ်ရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေများ အသီးသီး လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာ ရှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား အသင်းသူ စုစုပေါင်း ၈၇၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀၀ ကို အသင်းသူအသင်းသားများတစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ///

နမ့်စန်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နမ့်စန် ဧနှစ်ဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ခိုင်လင်းနှင့် ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီမှစ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုများလျှော့ချနိုင်ရေးအတွက် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတစ်လျှောက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်အရေးယူနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှုများလျှော့ချနိုင်ရေးအတွက် ရပ်ကွက်များအတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော စီတီမီတာ၊ ပါဝါမီတာနှင့် အိမ်သုံးမီတာများအား ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာများအတွင်း လစဉ် သတ်မှတ်ရက်များအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

သူရအောင်(ပြန်/ဆက်)

သယံနိုးကျွန်းမြို့နယ် အထက(သုဝဏ္ဏ)၌ ပညာရေးစုံညီပွဲတော်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧနှစ်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး သယံနိုးကျွန်းမြို့နယ်တွင် ပညာရေးစုံညီပွဲတော်နှင့် ဂုဏ်ပြုဆုများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ သယံနိုးကျွန်းခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်တင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းက နယ်ပယ်အရပ်ရပ်၊ သာဘာရပ်အသီးသီးတွင် ဆုများရရှိသော ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ကျောင်းသား ကျောင်းသူများမှ တေးသရုပ်ဖော် တင်ဆက်ဖျော်ဖြေမှုများ၊ အကအလှများ၊ မြန်မာ့ရိုးရာတေးဂီတ အကအလှများဖြင့် ဖျော်ဖြေဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ကိုရိုနာဗိုင်းရပ်စ် အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်သည့် XBB.1.5 အမျိုးအစား ရောဂါကူးစက်နိုင်ခြေ ပိုမိုများပြားဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြော



ဗိုင်းရပ်စ် XBB.1.5 ဖြစ်ပွားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစီရင်ခံခဲ့သည်။ ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းကျော်ကို အမေရိကန်ပြည်ထောင်စုတွင် အတည်ပြု

ရီနီဗာ ဧန်နဝါရီ ၁၂

ကိုရိုနာဗိုင်းရပ်စ် အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်သည့် XBB.1.5 အမျိုးအစားသည် ရောဂါကူးစက်နိုင်ခြေ ပိုမိုများပြားလျက်ရှိပြီး ခုခံအားအလွန်မြင့်မားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ XBB.1.5 မျိုးကွဲ၏ မြန်ဆန်စွာ ကူးစက်နိုင်သည့် အခြေအနေနှင့် ရောဂါပြင်းထန်မှုဆိုင်ရာ အကဲဖြတ်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဧန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဗိုင်းရပ်စ်အမျိုးအစားသည် အမေရိကန်ပြည်ထောင်စု၌ ရောဂါကူးစက်မှုနှုန်းမြင့်မားလျက်ရှိပြီး လက်ရှိအချိန်အထိ ပဋိပစ္စည်းခံနိုင်ရည်အရှိဆုံးမျိုးကွဲများအနက် တစ်ခုဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ဗိုင်းရပ်စ်အမျိုးအစားဆိုင်ရာ ရောဂါပြင်းထန်မှု သို့မဟုတ် သေဆုံးခြင်းအတွက် ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေး မရှိသေးကြောင်းလည်း သိရသည်။

လက်ရှိတွင် XBB.1.5 အမျိုးအစားသည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ၌ ကူးစက်မှုနှုန်းမြင့်မားလျက်ရှိပြီး ရောဂါကူးစက်ခံရသူများ၏ ခန့်မှန်းခြေ ၂၇ ဒသမ ၆ ရာခိုင်နှုန်းသည် အဆိုပါ ဗိုင်းရပ်စ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်မှုနှုန်းသည် ဒီဇင်ဘာ ၃ ရက်အထိ ခန့်မှန်းခြေ ၂ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာ တိုးလာကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၂ ရက်မှ ဧန်နဝါရီ ၁၁ ရက်အထိ နိုင်ငံပေါင်း ၃၈ နိုင်ငံ၌ အဆိုပါ ဗိုင်းရပ်စ်အမျိုးအစားကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစီရင်ခံခဲ့သည်။ ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းကျော်ကို အမေရိကန်ပြည်ထောင်စုတွင် အတည်ပြု ထားကြောင်း ၎င်းက ဆိုသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံရှိ နေအိမ်တစ်အိမ်၌ မီးဖိုချောင်သုံး ဆလင်ဒါဂက်စ်အိုး ယိုစိမ့်ပေါက်ကွဲမှုဖြစ်ပွား၊ မိသားစုဝင်ခြောက်ဦး မီးလောင်သေဆုံး

နယူးဒေလီ ဧန်နဝါရီ ၁၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနာပြည်နယ်ရှိ နေအိမ်တစ်အိမ်၌ မီးဖိုချောင်သုံး ဆလင်ဒါဂက်စ်အိုး ယိုစိမ့်ပေါက်ကွဲမှုကြောင့် ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ရာ မိသားစုဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း ပါနီပတ်ခရိုင် ဘီချ်ပါရီရွာအနီး Tehsil Camp ဧရိယာရှိ နေအိမ်တစ်လုံးတွင် အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးဖိုချောင်သုံး ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲမှုကြောင့် လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ သေဆုံးသူများတွင် အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် မိန်းကလေးနှစ်ဦးနှင့် ယောကျ်ားလေး နှစ်ဦး စုစုပေါင်း

မိသားစုဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့၏ အဆိုအရ သေဆုံးသူ ဧနီးမောင်နှံသည် ပါနီပတ်ခရိုင်ရှိစက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် နေအိမ်အတွင်းမှ မီးခိုးများထွက်ပေါ်လာခြင်းကြောင့် အိမ်နီးနားချင်းများက အကြောင်းကြားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာနေရာသို့ အလျင်အမြန် ရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း မိသားစုဝင် အားလုံး မီးလောင်ကျွမ်းသွားခဲ့ပြီးဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလောင်းများကို ရင်ခွဲစစ်ဆေးရန် ဆေးရုံသို့ ပို့ဆောင်ထားပြီး ၎င်းတို့၏ မိသားစုဝင်များအား အကြောင်းကြားထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က အမှုဖွင့်ထားပြီး မီးလောင်ရခြင်းအကြောင်းရင်းကို စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

ဒီဇင်ဘာလအတွင်း လာအိုနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိခဲ့

ဗီယင်ကျန်း ဧန်နဝါရီ ၁၂

လာအိုနိုင်ငံ၌ ယမန်နှစ် ဒီဇင်ဘာလအတွင်း ပို့ကုန်သွင်းကုန်တန်ဖိုးစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံရှိခဲ့ကြောင်း လာအိုကုန်သွယ်ရေးဌာန ဝက်ဘ်ဆိုက်မှ ရရှိသည့်အချက်အလက်များအရ သိရသည်။

ယမန်နှစ် ဒီဇင်ဘာလအတွင်း လာအိုနိုင်ငံ၌ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၃၂ သန်းရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၆ သန်းရှိခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ကုန်သွယ်ရေးလိုင်းပြမှုမှာ အမေရိကန်ဒေါ်လာ ၂၄ သန်းရှိခဲ့ကြောင်း အဆိုပါဝက်ဘ်ဆိုက်၏ မှတ်တမ်းများအရ သိရသည်။ လာအိုနိုင်ငံ၏ ပြည်ပပို့ကုန်များတွင် ရွှေ၊ ပီလောဝီနံ၊ စက္ကူနှင့် စက္ကူဆိုင်ရာထုတ်ကုန်များ၊ ရော်ဘာ၊ ဆား၊ ကြေးနီ၊ သတ္တု၊ သကြား၊ အဝတ်အထည်နှင့် ၄က်ပျောသီးများပါဝင်ပြီး သွင်းကုန်များတွင် ဒီဇယ်၊ စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်၊ သံ၊ စတီးထုတ်ကုန်၊ အဖျော်ယမကာ၊ ဓာတ်ဆီ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ပလတ်စတစ်ထုတ်ကုန်နှင့် လျှပ်စစ်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံ၏ ပို့ကုန်အဓိကတင်ပို့ရာ ဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံပြီးနောက် ဗီယက်နမ်နှင့် ထိုင်းတို့ ရပ်တည်နေကာ လာအိုနိုင်ငံအတွင်းသို့ သွင်းကုန်တင်သွင်းသည့် နိုင်ငံများတွင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

ထိုင်းနိုင်ငံ၌ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်း စမ်းသပ်မောင်းနှင်

ဗန်ကောက် ဧန်နဝါရီ ၁၂

ထိုင်းနိုင်ငံ၏ရထားပို့ဆောင်ရေးလုပ်ငန်းများတိုးတက်လာစေရေးနှင့် နိုင်ငံအတွင်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး ကြိုးပမ်းမှုအဖြစ် တရုတ်နိုင်ငံ China Railway Rolling Stock Corporation (CRRC) Dalian Co. Ltd မှထုတ်လုပ်သည့် ပထမဆုံး ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းကို ဧန်နဝါရီ ၁၁ ရက်က ထိုင်းနိုင်ငံ၌ စမ်းသပ်မောင်းနှင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်း မောင်းနှင်ပြသပွဲကို ဗန်ကောက်မြို့ရှိ ဗန်ဆူဂရန်းဘူတာရုံ၌ ထိုင်းနိုင်ငံ မီးရထားဌာနက ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုကို မြှင့်တင်လျက်ရှိပြီး နိုင်ငံ၏ သယံဇာတပို့ဆောင်ရေးကဏ္ဍတွင် လောင်စာဆီအသုံးပြုမှုကို လျှော့ချနိုင်ရန် ရည်မှန်းချက်ထားရှိခဲ့ကြောင်း၊ ၎င်းရည်မှန်းချက်သည် ထိုင်းနိုင်ငံအတွင်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀ မှ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချသွားရေး ကြိုးပမ်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Saksayam Chidchob က အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့် အခြားကမ္ဘာ့နိုင်ငံများနှင့်လည်း ယင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ထိုင်းနိုင်ငံ၌ ဘက်ထရီစွမ်းအင်သုံးလျှပ်စစ်စက်ခေါင်းအား တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းသည် ထိုင်းနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကိုပြသခြင်းပင်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးဌာန တာဝန်ရှိသူ Nirut Maneephan က ပြောကြားသည်။

ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ

ထိုင်းနိုင်ငံမှ ပို့ကုန်များ တရုတ်နိုင်ငံသို့ အများအပြားတင်ပို့မည်

ဗန်ကောက် ဧန်နဝါရီ ၁၂

တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာမူဝါဒများကို ထိရောက်စွာ စီမံခန့်ခွဲ၍ ဖြေလျှော့နိုင်ခဲ့သောကြောင့် ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ပို့ကုန်များ တရုတ်နိုင်ငံသို့ အများအပြား တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးမှ ဧန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တို့ပြန်ဆောင်ရွက်မှုများမှာ ကောင်းမွန်ပြည့်စုံသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုများတိုးပွားလာပြီး တရုတ်နှင့် နိုင်ငံတကာအကြား ကုန်သွယ်မှုများတိုးတက်လာကာ ထိုမှတစ်ဆင့် အပြန်အလှန်အနေဖြင့် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုများ တိုးတက်လာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံးမှ ညွှန်ကြားရေးမှူးချုပ် ပွန်ပေါင်နေရန်နာပါကွန်က ပြောကြားသည်။

ထို့ပြင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဧရိယာနှင့် ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တို့၏ လုပ်ငန်းမူဘောင်များအရ ထိုင်းနိုင်ငံမှ သစ်သီး၊ စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဖက်ရှင်ဆိုင်ရာ ထုတ်ကုန်များကို တရုတ်နိုင်ငံသို့ ဈေးနှုန်းသက်သာစွာဖြင့် ပြန်လည်တင်သွင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှ ပို့ကုန်များတင်ပို့ရာ ဒုတိယအကြီးဆုံးဈေးကွက်အဖြစ် ရပ်တည်နေကြောင်းနှင့် အဆိုပါပို့ကုန်များ၌ လျှပ်စစ်ပစ္စည်းများနှင့် ကားပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧရာဝတီ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် A4 စက္ကူထုပ်များ၊ Water Pump (0.5 HP, 220V) အလုံး ၁၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ မော်တော်ယာဉ်နှစ်စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၂၀၄၆၂)**ကို သိမ်းဆည်းရမိခဲ့၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ အမှတ် (၉၆) သရက်ကုန်းလမ်း သီရိမြိုင်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၁၀၈၀၀ လီတာ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧရာဝတီရီ ၁၁ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းတို့မှ တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၆၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Drone 2.4G Aircraft Intelligent Control System (အဟောင်း) တစ်စင်း အပါအဝင်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၆၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ၊ ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီများ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၂၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၉၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် နတ္တလင်းခရိုင်များအတွင်း၌ တရားမဝင် သစ်မျိုးစုံ ၂၉၄ ဒသမ ၂၁၆၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၅၀၆၀၁၃၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ထုံးဘိုမြို့နယ်အတွင်း၌ သရီးကရောင်း အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၁၉၀၆၀၁၃၄ ကျပ်)**ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧရာဝတီရီ ၁၀ ရက် နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၄၈၅၁၉၅၁၆ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

တာချီလိတ်နှင့် ကော့သောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

စိုင်းရဲန်နွံအား
သိမ်းဆည်း
ရမိသည့်
စိတ်ကြွရူးသွပ်
ဆေးပြားများနှင့်
အတူ တွေ့ရစဉ်။

နေပြည်တော် ဧရာဝတီရီ ၁၂

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧရာဝတီရီ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဆန်နားကျေးရွာနေ စိုင်းရဲန်နွံ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ဧရာဝတီရီ ၁၁ ရက် ည ၉ နာရီတွင် ကော့သောင်းမြို့ ရွှေဟသံ်ရပ်ကွက်နေ မထွေးညိုဇ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ချိန်းစောစက်ဖုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီ ၄၅ မိနစ်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက်နေ မျိုးလွင်(ခ) ကိုမျိုးနှင့် ဧနီး မခင်နှင်းမူ(ခ)ခင်မူတို့ကို ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သပိတ်ကျင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှုများစတင်ကောက်ယူ

သပိတ်ကျင်း ဧရာဝတီရီ ၁၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ယမန်နေ့ကစတင်၍ ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများ စာရင်းကောက်ယူခဲ့ကြသည်။

သပိတ်ကျင်းမြို့နယ်ရှိ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းနှင့် မှတ်ပုံတင်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို မြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းများကို ဧနန်ဝါရီ ၉ ရက်မှ ၃၁ ရက်အထိ မြို့နယ်အတွင်းရှိ ကောက်ကွက် ၈၀ အား အဖွဲ့ ၈၀ ဖြင့် စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ကောက်ကွက်တစ်ဖွဲ့လျှင် အဖွဲ့ဝင်ငါးဦးဖြင့် ကောက်ကွက်တစ်ကွက်လျှင် အိမ်ထောင်စု ၅၀၀ နှုန်းဖြင့် မှန်ကန်မြန်ဆန်စွာ သတ်မှတ်ရက်အတွင်း ပြီးစီးအောင် စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဒဇ-၁-၂၀၂၂ သောကြာနေ့

MRTV HD

- **၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော် (**အာဇာနာဦးယသုတ်**)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** **"ဝမ်မီးပြိုမ်းချိန်တန်ပါဖြို"**
- **၀၉:၃၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** ကမ္ဘာ့အပေါ်အနှစ်စာရင်းဝင်ဝိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်ပြေ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဘဝ်းဘဝ်းအချစ်ချိုချို' (အပိုင်း-၃၆)**
- **၁၃:၀၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ငအောင်ပွဲပဏ္ဍိုင်ရင်ဆိုင်ချိတာ' (အပိုင်း-၂၆)**
- **၁၅:၂၅** လူငယ်ရေးရာအစီအစဉ် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်လူငယ်နှင့်ဓာတပေအနုပညာပြပွဲ (ရုပ်သံမှတ်တမ်း)
- **၁၆:၃၅** **'ပျိုးဝုဏ်တင့်ဝေဆိုတရေးတီးအပေ'**
- **၁၈:၁၅** 'ASEAN Information Exchange Initiative Program 2022' (Part- 12)
- **၁၈:၃၅** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာ...သိရိဂဝဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဘဝ်းဘဝ်းအချစ်ချိုချို' (အပိုင်း-၃၇)**
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- **၂၁:၀၀** 'စဉ့ဂုဏ်ကွန်းဇော်ထားဂိတအတွဲ့ငေါ်ပြပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်'
- **၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း **'အရှိုအမှန်ဝကား'**

mtv

- **07:01** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- **07:11** The Banjoist
- **07:28** Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
- **07:51** Pyin Oo Lwin Sweater
- **08:01** News
- **08:27** Tahbuhla Dam & Oakkan Chaungtha
- **08:38** Paper Products... Plain but Pretty
- **09:01** Myanmar Puppeteers (Chinlone)
- **09:11** Mhaw Yaw Gyi Elephant Camp
- **09:27** Artistic Values & Aesthetic Traditions
- **09:50** A Precious Gift from Waste
- **10:01** News
- **10:27** Topical Topics (No.28) Expand Sown Acreage of Oil Crops & Choose Quality and Safe Products
- **10:33** A Glance At A Naga Family Life

MRTV NRC

- **ချင်း (လိုင်စီး) (၀၆ :၀၀ မှ ၀၈:၀၀)** ကိုယ်တိုင်မိတ်တပ်လိမ်းခြယ်နည်း (Self Makeup)
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၈:၀၀)** ရေးသောတ်ချင်း(ချိုး)တို့၏ပေတ္တာမျှတေး
- **မွန် (၀၈:၀၀ မှ ၁၀:၀၀)** ငါးရံ့ပရမ်းပြားချက်
- **ရခိုင် (၁၀:၀၀ မှ ၁ :၀၀)** ရေချောတိုင်တက်ပွဲ
- **ရှမ်း (၁ :၀၀ မှ ၁၄:၀၀)** ရှေ့ကြိုဂါမ်ပြုတော်
- **'ဝ' (၁၄:၀၀ မှ ၁၆:၀၀)** 'ဝ' ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
- **ကချင် (၁၆:၀၀ မှ ၁၈:၀၀)** ကြက်ဆန်လှော်
- **ကယား (၁၈:၀၀ မှ ၂၀:၀၀)** ဂိုးဏာဝါးဘေဂက်လက်မှုပညာအပေ
- **ဗကောကရင် (၂၀:၀၀ မှ ၂၂:၀၀)** သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်နည်း
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀)** ကျောက်ကြီးတောင်သို့အလည်တစ်ခေါက်
- **အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

MRTV NEWS

- **၀၆:၀၀** အဖွင့်၊ ဝေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၄၅** အမေရိကန်တွင်လျှင်မြန်စွာကူးစက်ပျံ့နှံ့လာသည့် အိုမီဝရွန်မျိုးကွဲ XBB1.5f
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁ :၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၀၀** MRTV National News
- **၁၃:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို **"အလည်လွန် အလွယ်လုပ် အလွဲဖြစ်"**
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေအိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- **၁၁:၀၀** နိုင်ငံတကာကွေးကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ)
- **၁၁:၃၀** "အတွေးအမြင်" (အပိုင်း-၆)

MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွေတွန်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် ပိုးလေဝသ
- **၀၆:၂၅** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများ အကြောင်း
- **၀၇:၀၀** ကျေးလက်ကွန်ရက်
- **၀၇:၅၀** ရေအစက်ချိုင်ကိုမျိုးခြင်း(စိုက်ပျိုးရေးဌာနာ သုံးစွဲနည်းစနစ်)
- **၀၈:၂၀** လုပ်ငေးရည်ရွယ်ဘိုယြည်
- **၀၉:၀၀** ချစ်သက်သေ(ဇာတ်လမ်းတို)
- **၀၉:၁၀** သဘာဝဝန်းကျင်ပမာဏစိုက်ပျိုးရေး
- **၀၉:၄၅** တစ်နိုင်တစ်ပိုင်ငါးနှင့်ပင်သီးဟင်းရွက် တွဲဂေါ်စိုက်ပျိုးမွေးမြူနည်း

MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** မြန်လည်ခံစားမြန်မာနေရှင်နယ်လိပ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်သာမှ (၇)နာရီ (၆)ကြိမ်နှုန်း(၅၅)နာရီ ထုတ်သွင်းပြသပေးသွားတော်ရှိပါသည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ၁၁ နှစ်အရွယ်ကလေးငယ် တစ်ဦးသေဆုံး အမျိုးသား တစ်ဦး မိုင်းစထိမှန်ဒဏ်ရာရ

နေပြည်တော် ဧန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြင်းနီကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲခဲ့သဖြင့် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဦးဆန်းဝေ (မိုင်းစထိမှန် ဒဏ်ရာရရှိသူ)

ဖြစ်စဉ်မှာ ဧန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် နွားထိုးကြီးမြို့နယ် မြင်းနီကျေးရွာနေ ဦးဆန်းဝေ (ဘ) ဦးအောင်ဝင်းနှင့် အသက် ၁၁ နှစ်အရွယ် မောင်ကံကောင်း (ဘ) ဦးဆန်းဝင်းတို့ နှစ်ဦးသည် အဆိုပါကျေးရွာ၏ အနောက်ဘက်၌ နွားကျောင်းနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် ၎င်းတို့ နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး မောင်ကံကောင်းသည် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ဦးဆန်းဝေနှင့် မောင်ကံကောင်းတို့ကို နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ကျေးရွာနေပြည်သူများကို အကြောင်းမဲ့ဗုံးထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

နေပြည်တော် ဧန်နဝါရီ ၁၂

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာ အရှေ့သိမ် ဘောလုံးကွင်း၌ ဒေသခံပြည်သူများ စုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်များအား ဆန့်ကျင်ကြ၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းရေးဒို့အရေး၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအလိုမရှိ၊ အကြမ်းဖက် NUG ၊ CRPH ၊ PDF အလိုမရှိ၊ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သတ်ဖြတ်နေမှုအား ချက်ချင်းရပ်၊ ရဟန်းသံဃာနှင့် နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်နေမှုများအား ချက်ချင်းရပ် စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဦးမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မော်ဘီမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မော်ဘီ ဧန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် မြို့ချောင်း-ကံကလေး (မြစ်ရေတင်)လမ်းအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အဆိုပါလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်း စစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်သူကိုကို၊ လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့်တာဝန်ရှိသူများသည် တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေကျပ် ၁၇၂ သန်းဖြင့် အရှည် ပေ ၂၈၆၀ ၊ အကျယ် ၁၂ ပေနှင့် ရှစ်လက်မခုကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကိုသတ်မှတ်စံချိန်စံညွှန်း၊ သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ၊ မရှိစစ်ဆေးခဲ့ကြသည်။

အဆိုပါ လမ်းကို ၂၀၂၂ ခုနှစ် ဇွန်လတတိယပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးနဲမြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များအား စစ်ဆေး

မိုးနဲ ဧန်နဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြန့်ဖြူးရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်းနှင့်အသိပညာပေးခြင်းကို ယမန်နေ့နံနက် ၈ နာရီခွဲက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးဇော်မော်ဦးနှင့်အဖွဲ့က စိုက်ပျိုးရေး သွင်းအားစုများ ဖြန့်ဖြူးရောင်းချရာတွင် လုပ်ငန်းလိုင်စင်ပါ သတ်မှတ်ချက်များနှင့်အညီ ရောင်းချရေး၊ သက်တမ်းလွန် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခါအားလျော်စွာ ရောင်းချခွင့် ပိတ်ပင်ထားသော ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ မြန်မာဘာသာဖြင့်ဖော်ပြထားသည့် ကုန်အညွှန်း အမှတ်အသားဖော်ပြထားသည့် ကုန်ပစ္စည်းများကိုသာ ရောင်းချရေး ၊ စိုက်ပျိုးရေးသုံး ပစ္စည်းများရောင်းချရာတွင် ဘောက်ချာ/ဖြတ်ပိုင်းပေး၍ စနစ်တကျရောင်းချရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချရေး၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုပုံနှင့် ပိုးသတ်ဆေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပိုးတောင်း

ကျောင်းကုန်းမြို့၌ ထရန်စဖော်မာများ ကြံ့ခိုင်မှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်

ကျောင်းကုန်း ဧန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဓာတ်အားခွဲရုံ ထရန်စဖော်မာများနှင့် အများပြည်သူအား ဖြန့်ဖြူးထားသည့် (၁၁/သုည ဒသမ ၄) ကေဗီ ထရန်စဖော်မာများ၊ (၃၃ / သုည ဒသမ ၄) ကေဗီထရန်စဖော်မာများအား ကြံ့ခိုင်မှုရှိစေရေးအတွက် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းကုန်းမြို့နယ်အတွင်း ထရန်စဖော်မာ Over Lead မဖြစ်စေရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးသစ္စာထွန်းနှင့် လိုင်းဝန်ထမ်းများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မလှိုင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်

မလှိုင် ဧန်နဝါရီ ၁၂

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်နုရတနာကျော်က သင်တန်းတွင် ပို့ချသွားမည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က သင်တန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက သင်ထောက်ကူပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည်၊ ဆပ်ပြာခဲ၊ အိုကီဆပ်ပြာအနှစ် ပြုလုပ်နည်းများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြထွန်း(မလှိုင်)

မိုင်းခတ်မြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရာနှုန်းပြည့်ပြီးစီး

မိုင်းခတ် ဧနှစ်ဝါရီ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကိုးအုပ်စု၊ ကျေးရွာ ၁၁ ရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

မိုင်းခတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို မြို့နယ်အတွင်းရှိ ပင်းနင်ကျေးရွာ၊ ပင်းကွေ့(လားဟူ) ကျေးရွာ၊ နောင်ဖူကျေးရွာ၊ နမ့်တာပီး(အောက်)ကျေးရွာ၊ ပါခါးလုံကျေးရွာ၊ ပါကန်ကျေးရွာ၊ ပန်ထိုလုကျေးရွာ၊ ထော်ပဲကူကျေးရွာ၊ ဖားဖေ့ကျေးရွာ၊ ပါရှင်ကျေးရွာနှင့် အင်ခိုလုံကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ၁၁ ရွာတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြစ်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း သုံးခု၊ မြေထိန်းနံရံဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ခု၊ ရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း သုံးခုနှင့် ဆိုလာလမ်းမီးတိုင် စိုက်ထူခြင်းလုပ်ငန်း သုံးခု စုစုပေါင်း လုပ်ငန်း ၁၁ ခုတို့ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေ ကျပ် သန်း ၁၁၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ငါးသန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် သြဂုဏ်လ တတိယ ပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

မူဆယ်မြို့ အထက(၁) ဘက်စုံပညာရေးစုံညီပွဲတော်ကျင်းပ

မူဆယ် ဧနှစ်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီး ဗိုလ်မှူးကြီး ဇော်မင်းထက်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး Grade-9 နှင့် Grade-10 ကျောင်းသား ကျောင်းသူတို့၏ "ပျော်ရွှင်စရာ စုံညီပွဲတော်"သီချင်းဖြင့် အခမ်းအနား စတင်ခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဦးအယ်လ်ဇော်ရှန်လွင်က အမှာစကားပြောကြားပြီး တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစံက ဆုံးမသြဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အတန်းလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်ပညာရည်ချွန်ဆုရရှိသူများ၊ ပြည်နယ်အဆင့် ပညာရည်ချွန်ဆု ရရှိသူများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများကို ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

ကျိုင်းတောင်းမြို့အတွင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ကျိုင်းတောင်း ဧနှစ်ဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့အတွင်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်နိုင်ရေးအတွက် မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့လျှပ်စစ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီတွင် မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့လျှပ်စစ်ဦးစီးမှူး ဦးအောင်အောင်နှင့်ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသော မီတာများ ရပ်/ပျက်/နှေး ဖြစ်ပေါ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။ ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းများကို လစဉ်သတ်မှတ်ရက်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၉၅	၂၁၄၅	၂၁၄၀	၂၁၀၅	၂၁၄၅	၂၁၆၅	၂၁၅၀	၂၁၃၀	၂၂၂၅	၂၂၄၅	၂၁၃၅	၂၁၄၅	၂၁၈၀	၂၁၈၀	၂၁၈၅	၂၄၁၅	၂၇၇၅
95 Ron	၂၁၆၀	၂၂၁၀	၂၂၀၅	၂၁၆၅	၂၂၀၅	၂၂၃၀	၂၂၁၅	၂၁၉၀	၂၂၉၀	၂၃၀၅	၂၂၀၀	၂၂၁၅	၂၂၄၅	၂၂၄၅	၂၂၄၅	၂၄၇၅	၂၈၅၅
HSD (500 ppm)	၂၃၆၅	၂၄၁၀	၂၄၁၀	၂၃၇၀	၂၄၁၀	၂၄၃၅	၂၄၃၀	၂၃၉၅	၂၅၁၅	၂၅၁၀	၂၄၀၅	၂၄၁၅	၂၄၅၀	၂၄၅၀	၂၄၅၀	၂၆၈၀	၃၃၇၅
HSD (50 ppm)	၂၄၄၅	၂၄၉၀	၂၄၉၀	၂၄၅၀	၂၄၉၀	၂၅၁၅	၂၅၁၀	၂၄၇၅	၂၅၉၅	၂၅၉၀	၂၄၈၅	၂၄၉၅	၂၅၃၀	၂၅၃၀	၂၅၃၀	၂၇၆၀	၃၄၀၅
HSD (10 ppm)	၂၄၄၅	၂၄၉၀	၂၄၉၀	၂၄၅၀	၂၄၉၀	၂၅၁၅	၂၅၁၀	၂၄၇၅	၂၅၉၅	၂၅၉၀	၂၄၈၅	၂၄၉၅	၂၅၃၀	၂၅၃၀	၂၅၃၀	၂၇၆၀	၃၄၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၈၈	၂၀၆၁
95 Ron	၂၀၄၉	၂၁၂၄
HSD (500 ppm)	၂၂၅၁	၂၃၂၅
HSD (50 ppm)	၂၃၂၅	၂၄၀၁
HSD (10 ppm)	၂၃၂၅	၂၄၀၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ်-၀၁- ၆၅၄၆၈၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

ထရန်စဖော်မာတိုးချဲ့တည်ဆောက်ခြင်းနှင့် လိုင်းကြိုးများလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ရွှေသောင်ယံ ဧန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့လျှပ်စစ်မှူး ဦးကျော်မျိုးဦးနှင့် ဝန်ထမ်းများသည် ယနေ့နံနက် ၈ နာရီမှစတင်၍ ရွှေသောင်ယံမြို့ အမှတ်(၂) ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ၁၁/ သုညဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် စံချိန်မမီသော ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများအား Insulated Cable 95 mm 2,35 mm^2 ကြိုးတို့ဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရွှေသောင်ယံမြို့ အမှတ်(၃) ရပ်ကွက်တွင်လည်း ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးတို့ကို ရည်ရွယ်၍ Insulated Cable 95 mm 2,35 mm^2 ကြိုးတို့ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

စဉ်ကူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

စဉ်ကူး ဧန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေသော အသက် ၅ နှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့က စတင်ဆောင်ရွက်ပေးလျက်ရှိပြီး စဉ်ကူးမြို့နယ်အတွင်း ဆေးထိုးအဖွဲ့ ခြောက်ဖွဲ့မှ ဆေးထိုးစုရပ် ၄၁ နေရာ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် စဉ်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပညာရေးဌာနတို့ကကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်း၍ စနစ်တကျစာရင်းရေးသွင်းပေးပြီး ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၈၄၀ နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၀၀ တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသော ကျောင်းသား ကျောင်းသူများကိုလည်း သက်ဆိုင်ရာကျောင်းများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ AFF Cup မှ

၁၄ နှစ်ဝန်းကျင်အကြာမှ တစ်ကျော့ပြန်တွေ့ဆုံခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။

ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေ

ယခုပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်လာသည့် နှစ်သင်းစလုံး ချန်ပီယံဆုရရန် ရေပန်းအစားဆုံးအသင်းများဖြစ်ပြီး ယခုတွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ ဗီယက်နမ်အသင်းသည် ယခုပြိုင်ပွဲတွင် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဘဲ စံချိန်ကောင်းပိုင်ဆိုင်ထားသည့်အသင်းဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းမှာမူ အမာခံကစားသမား အချို့ ပါဝင်လာခြင်းမရှိသော်လည်း ခြေစွမ်းပိုင်းအရ ထိပ်တန်းအဆင့် ရှိနေဆဲဖြစ်သည်။

ပြိုင်ပွဲသမိုင်းတစ်လျှောက် ထိုင်းအသင်းက ချန်ပီယံဆု ခြောက်ကြိမ်၊ ဗီယက်နမ်အသင်းက ချန်ပီယံဆု နှစ်ကြိမ် ရရှိထားသည်။

ကိုညီလေး

ပြင်ဦးလွင်မြို့နယ်မှထွက်ရှိလာသည့် စတော်ဘယ်ရီသီးများ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိ

မန္တလေး ဧန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ထွက်ရှိလာသည့် စတော်ဘယ်ရီသီးများ ယခုဧန်နဝါရီလအတွင်း လှိုင်လှိုင်ထွက်ရှိချိန်တွင် မန္တလေးမြို့ရှိ သစ်သီးပွဲရုံများသို့ ပို့ဆောင်ရောင်းချလျက်ရှိရာ ဈေးနှုန်းများ ကောင်းမွန်နေကြောင်း ပြင်ဦးလွင်မြို့နယ်ရှိ စတော်ဘယ်ရီစိုက်တောင်သူများက ပြောသည်။

အဆိုပါ စတော်ဘယ်ရီသီးများမှာ ယခုနှစ်တွင် အထွက်နှုန်း ပုံမှန်ထွက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းသွားသည့်အတွက် အရောင်းအဝယ်များလည်း ကောင်းမွန်ကာ ဈေးနှုန်းမှာလည်း ယမန်နှစ်ယခုလိုရာသီတွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် အဖွင့်ဈေး စခဲ့သော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းပေးကာ ရန်ကုန်နှင့် မန္တလေးမြို့ရှိ သစ်သီးဒိုင်များက ဈေးဖြတ်ဝယ်ယူနေကြောင်း ပြင်ဦးလွင်မြို့နယ် ပင်လိန်သပြေကျေးရွာမှ စတော်ဘယ်ရီစိုက်ပျိုးသူ ကိုဖိုးသားက ပြောသည်။

"ဒီနှစ်မှာ စတော်ဘယ်ရီသီးတွေက ဒီဇင်ဘာလအတွင်းမှာ ပုံမှန်အတိုင်းပဲ စပြီးထွက်ခဲ့တဲ့အပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကလည်း လျော့ကျသွားတဲ့အတွက် အဖွင့်ဈေးလည်း ကောင်းခဲ့တယ်။ ဒီနှစ်မှာ တရုတ်နိုင်ငံက စတော်ဘယ်ရီသီးတွေလည်း ကျွန်တော်တို့ ပြည်တွင်းကို ဝင်ရောက်လာတဲ့အတွက် သူတို့နဲ့အပြိုင် ရောင်းချနေရတယ်။ ဒါပေမယ့် ဈေးကတော့ သိသိသာသာထိုးကျမသွားဘူး။ မတ်လအတွင်း လှိုင်လှိုင်ပေါ်ချိန်မှာတော့ ဈေးတွေ အောက်ဆုံးထိ ထိုးမကျနိုင်ဘဲ တစ်ပိဿာကို ကျပ် ၂၀၀၀ လောက်တော့ ရနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ စတော်ဘယ်ရီသီးကို စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ခူးဆွတ်ယူနိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိနိုင်သော်လည်း ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်းလည်း ပြောင်းလဲသွားကာ ပူအိုက်သည့်ရာသီဥတုကို ကြိုက်နှစ်သက်ကြောင်း သိရသည်။

"စတော်ဘယ်ရီသီးက အေးတဲ့ရာသီဥတုကို မကြိုက်ဘူး။ ရာသီဥတု ပူလေလေ အထွက်နှုန်းကောင်းလေပဲ။ ဒါ့အပြင် ဈေးနှုန်းကလည်း အစောဆုံးထွက်တဲ့ အခင်းက ပေါ်ဦးပေါ်ဖျားဆို ဈေးပိုရပြီး လှိုင်လှိုင်ပေါ်တဲ့ မတ်လအတွင်းမှာ ကျပ် ၁၂၀၀ အထိ ကျဆင်းသွားပေမယ့် သက်ဦးနှစ်ပြီးမှာတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ နဲ့ ၃၀၀၀ ကြားအထိ ဈေးပြန်ခုနှစ်တက်လေ့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ပြင်ဦးလွင်မြို့နယ်ရှိ စတော်ဘယ်ရီသီးစိုက်ပျိုးသူများအနေဖြင့် စိုက်ဧကနှင့် မိသားစုလူဦးရေပေါ်မူတည်၍ စတော်ဘယ်ရီသီးစိုက်ပျိုးခြင်းဖြင့် မိသားစုဘဝ ရပ်တည်နိုင်သည်အထိ မှီခိုအားထားရသည့်သီးနှံဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မအူပင်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧရာဝတီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်က နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများကိုလည်းကောင်း ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အားကစားသမားများအား ဂုဏ်ပြုပွဲ ကျင်းပ

နေပြည်တော် ဧရာဝတီ ၁၂

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အားကစားသမားများ ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဆုရရှိသည့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုနှုတ်ဆက်ခဲ့ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ရရှိခဲ့သည့် အားကစားအမျိုးအစားအလိုက် ဂုဏ်ပြုဆုများကို ပေးအပ်ရာ ဆုရရှိသူ အားကစားသမားများနှင့် အားကစားတာဝန်ခံအရာရှိများက လက်ခံရယူကြသည်။ ယင်းနောက် ဆုရရှိခဲ့သည့် အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများကို လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပါရီအိုလံပစ် အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်တွင် မြန်မာအသင်း အုပ်စု (ခ)၌ ကျရောက်

ရန်ကုန် ဧရာဝတီ ၁၂

၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးအာရှဇုန်ခြေစစ်ပွဲပထမအဆင့်အုပ်စုမဲခွဲပွဲကို ဧရာဝတီ ၁၂ ရက်က မလေးရှားနိုင်ငံတွင်ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (ခ)၌ ကျရောက်ခဲ့သည်။

ပထမအဆင့်ခြေစစ်ပွဲကို အုပ်စု ခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်း ၂၆ သင်းကို လေးသင်း ငါးအုပ်စုနှင့် သုံးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုခုနစ်ခုမှ ထိပ်ဆုံးအသင်းများသာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (က)တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ တီမော၊ ဘူတန်၊ အုပ်စု (ခ) တွင် မြန်မာ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လဒိုက်၊ အုပ်စု (ဂ)တွင် ဗီယက်နမ်၊ နီပေါ၊ ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ အုပ်စု (ဃ) တွင် ထိုင်း၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ သီရိလင်္ကာ၊အုပ်စု(င)တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ အုပ်စု(စ)တွင် တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ လက်ဘနွန်၊ အုပ်စု (ဆ) တွင် အိန္ဒိယ၊ ကာဂျစ္စတန်နှင့် တာ့ဂ်ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ ပထမ အဆင့်အုပ်စုပွဲများကို ၂၀၂၃ ခုနှစ် ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာရှအင်အားကြီး အသင်းများဖြစ်သည့် ဂျပန်၊ မြောက်ကိုရီးယား၊သြစတြေးလျ၊ တရုတ်နှင့် တောင်ကိုရီးယားအသင်းတို့မှာ ဒုတိယအဆင့်ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာသည့်ခုနစ်သင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုသုံးခုမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာ သုံးသင်းအနက် အကောင်းဆုံးအသင်း စုစုပေါင်းလေးသင်းသာ တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ၂၀၂၂ ခုနှစ်အတွင်းက လေ့ကျင့်နေစဉ်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပါရီအိုလံပစ်ခြေစစ်ပွဲအပါအဝင် ၂၀၂၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာလကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေသည်။**သတင်း-ကိုညီလေး**

ဓာတ်ပုံ-သော်ကြီး

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဖွင့်လှစ်ထားသော မြန်မာ့ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ ဆင်ပြတိုက်ကို ပိတ်ရက်မရှိ အများပြည်သူ လာရောက်လေ့လာကြည့်ရှုနိုင်

ရန်ကုန် ဧရာဝတီ ၁၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ သဘာဝသမိုင်းပြတိုက်၏အစိတ်အပိုင်းတစ်ခုဖြစ်သည့် မြန်မာ့ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ ဆင်ပြတိုက်ကို ပိတ်ရက်မရှိ အများပြည်သူ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါ ဆင်ပြတိုက်တွင် အများပြည်သူ လေ့လာကြည့်ရှုနိုင်စရာအဖြစ် အာရှဆင်များ၏ ပျံ့နှံ့ကျက်စားရာဒေသများနှင့် အလေ့အထ၊ မြန်မာနိုင်ငံအတွင်း တောဆင်ရိုင်းများ ပျံ့နှံ့ကျက်စားပုံ၊ အမူအကျင့်များနှင့် ၎င်းတို့၏ ခေတ်အဆက်ဆက် သမိုင်းကြောင်း အသေးစိတ်များကို စိတ်ဝင်စားဖွယ် လေ့လာကြည့်ရှုနိုင်ကြောင်းနှင့် ဆင်အစိတ်အပိုင်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အရိုးစုရုပ်ပုံ၊ အစွယ်များ၊ ဆင်အစိတ်အပိုင်းများနှင့် ပြုလုပ်ထားသည့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို အသေးစိတ် အနီးကပ်လေ့လာနိုင်မည်ဖြစ်ပြီး ဆင်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို လေ့လာဖတ်ရှုနိုင်မည့် စာအုပ်များ ထားရှိပေးထားသည့်အပြင် Souvenir Shop မှ အရည်အသွေး ကောင်းမွန်သည့်အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဝယ်ယူနိုင်ကြောင်း သိရသည်။



မြန်မာနိုင်ငံအတွင်း သဘာဝသစ်တောနယ်မြေများ၌ လက်ရှိတွင် ကျက်စားနေထိုင်ကြသည့် တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ ဆင်နှင့် လူတို့အကြား ပဋိပက္ခဖြစ်ပွားမှုများကိုလျော့နည်းလာစေရန်၊ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှု၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများ တရားမဝင် ကူးသန်းရောင်းဝယ်နေမှုများကို တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ပြည်သူလူထု သိမြင်နိုးကြားလာပြီး ပူးပေါင်းကူညီဆောင်ရွက်လာစေရန်နှင့် ဆင်ချစ်သူများအတွက် ဆင်ပြတိုက်သို့ ဝင်ရောက်လေ့လာပြီး ဆင်များ အကြောင်းကို ပိုမိုသိရှိ၊ ရင်းနှီးချစ်ခင်လာစေရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၉ ခုနှစ် မတ် ၃ ရက်က စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) (သို့) ပညာသိုက်

ဒေါက်တာသန့်စင် (ရူပဗေဒ)

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

စာကြည့်တိုက်ကောင်းဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက်ဖြစ်ပါသည်။ ဘယ်လိုအကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူရနိုင်သည်။

(တိုက်စိုး - ပညာသိုက်စာအုပ် စာ-၂၄)

စာရေးသူသည် စာကြည့်တိုက်ကို ခင်မင်သူ၊ အမြတ်တနိုးသုံးစွဲသူတစ်ဦး ဖြစ်ပါသည်။ ပညာရေးဝန်ထမ်းဘဝ ရောက်ရှိရာနိုင်ငံတိုင်းတွင် စာကြည့်တိုက်များ၊ ပြတိုက်များသို့ သွားရောက်လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံရှိ မြို့နယ်များသို့ တာဝန်အရဖြစ်စေ၊ အလည်အပတ်ဖြစ်စေ ရောက်ရှိပါက သက်ဆိုင်ရာစာကြည့်တိုက်၊ ပြတိုက်များသို့ သွားရောက်လေ့ရှိပါသည်။ ဝန်ထမ်းဘဝ တက္ကသိုလ်အသီးသီးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရာတွင်လည်း မိမိရောက်ရှိရာ တက္ကသိုလ်ရှိ စာကြည့်တိုက်အတွက် စာအုပ်စာတမ်း စာစောင်များကို လှူဒါန်းပေးခဲ့ပါသည်။

မည်သူမဆို လာရောက်ဖတ်ရှုနိုင်

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) သည် အမှတ် ၆၀၄ / ၆၀၈၊ (၃၁) လမ်းနှင့် (၃၂) လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တွင် တည်ရှိသည်။ အထပ်လေးထပ်ရှိသည့် ကျယ်ဝန်းသည့် အဆောက်အအုံဖြစ်ပါသည်။ စာအုပ်စာတမ်းပေါင်း ကိုးသိန်းကျော်နှင့် ရှေးဟောင်းရှားပါးစာအုပ်စာစောင်၊ ပေပုရပိုက်၊ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်၊ ပြန်တမ်း စသည်တို့အပြင် နိုင်ငံတကာထုတ် စာအုပ်စာစောင်များကို သက်ဆိုင်ရာအခန်းများအလိုက် စင်တင်စနစ်၊ စင်ဖွင့်စနစ်များဖြင့် ထားရှိပါသည်။ မည်သူမဆို လာရောက်ဖတ်ရှုနိုင်ရန် တနင်္ဂနွေ၊ တနလာနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ အင်္ဂါနေ့မှ စနေနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပါသည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) တွင် ရည်ညွှန်းဝန်ဆောင်မှု၊ စာဖတ်ခန်းဝန်ဆောင်မှု၊ စာငှားဝန်ဆောင်မှု၊ Multimedia Room Service၊ Digital Library Room Service မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိတ္တူကူးခြင်း၊ ဒစ်ဂျစ်တယ်ပုံစံပြောင်းခြင်း ဝန်ဆောင်မှုများ၊ Audio Video Room Service၊ မသန်စွမ်းသူများအတွက် စာဖတ်ခန်း ဝန်ဆောင်မှုတို့အပြင် ကလေးစာကြည့်တိုက် စသည်တို့ပါရှိပြီး စာတမ်းဖတ်ပွဲများ ပြုလုပ်နိုင်သည့် အခန်းများ၊ အုပ်စုလိုက် နည်းပညာဖလှယ်ဆွေးနွေးနိုင်သည့် အခန်းများလည်း ပါရှိပါသည်။

အပတ်စဉ် စနေနေ့များတွင် ကလေးများအတွက် ဗဟုသုတရဖွယ် ခေါင်းစဉ်များ၊ ပုံပြင်များ ပြောပြခြင်း၊ ရုပ်ရှင်ဇာတ်ကားအတိုများနှင့် ဗီဒီယိုအခွေများ ဖွင့်ပြခြင်းများ ပြုလုပ်ပေးလေ့ရှိပါသည်။ သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာရန် ကြိုတင်စီစဉ်ဆက်သွယ်ပါက လိုအပ်သည်များကို စာကြည့်တိုက်ဝန်ထမ်းများက စိတ်ပါဝင်စားစွာ ရှင်းလင်းပြသပေးပါသည်။

ရည်ညွှန်းစာဖတ်ခန်းတွင် ဖတ်ရှုနိုင်

စာရေးသူ စိတ်ဝင်စားသည်မှာ လွတ်လပ်ရေးမရမီက ထုတ်ဝေသော စာအုပ်စာစောင်၊ သတင်းစာဂျာနယ်များကို ရည်ညွှန်းစာဖတ်ခန်းတွင် ဖတ်ရှုနိုင်ခြင်းဖြစ်ပါသည်။ လိုအပ်ပါက စာကြည့်တိုက်မှ တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် မိတ္တူကူးယူနိုင်ပါသည်။ ကလေးစာကြည့်တိုက်တွင် ကလေးများဖတ်ရှုနိုင်ရန် ရုပ်ပြစာအုပ်များ၊ စီဒီခွေများ၊ ပုံပြင်၊ ဂျာနယ်၊ ကာတွန်းစာအုပ်များ၊ ဗဟုသုတရဖွယ်စာအုပ်များကို အင်္ဂလိပ်-မြန်မာဘာသာများနှင့် မိမိကြိုက်နှစ်သက်ရာ ဖတ်နိုင်ပါသည်။ မိဘများအနေဖြင့် မိမိတို့၏ ကလေးငယ်များကို ငယ်စဉ်ဘဝမှာပင် စာပေပညာဖတ်ရှုသည့် အလေ့အကျင့်များရစေရန် ကျောင်းပိတ်ရက် စနေနေ့များတွင် ခေါ်ဆောင်သွားပြီး ကလေးစာကြည့်တိုက်ကို အသုံးပြုသင့်ပါသည်။

မသန်စွမ်းသူများ ဖတ်ရှုနိုင်ရန် သီးသန့်ထုတ်ဝေ

မသန်စွမ်းသူများအတွက် စာဖတ်ခန်းတွင် မသန်စွမ်းသူများ ဖတ်ရှုနိုင်ရန်အတွက် သီးသန့်ထုတ်ဝေထားသော စာအုပ်များ၊ ကြည့်ရှုနားဆင်နိုင်ရန် ဗီဒီယိုခွေများ၊ စီဒီချပ်များနှင့် ကွန်ပျူတာများ ထားရှိပါသည်။ ထို့အပြင် Multimedia Room တွင်လည်း ကွန်ပျူတာများကို အသုံးပြုပြီး အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ Digital Library ခန်းတွင် e-book စာအုပ်များ၊ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲပေးထားသော ရှားပါးစာအုပ်များကို ဖတ်ရှုလေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် နေရာပြောင်းရွှေ့မှု မကြာခဏ ဖြစ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် မြို့နီစီပယ် အဆောက်အအုံ (မြို့တော်ခန်းမ)၊ ၁၉၅၂ ခုနှစ်တွင် ဂျူဗလီဟော (စစ်သမိုင်းပြတိုက်)၊ ၁၉၆၂ ခုနှစ်တွင် အမှတ် (၁၆၆) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၊ ၁၉၈၄ ခုနှစ်တွင် ခြောက်ထပ်ရုံး ကမ်းနားလမ်း ရန်ကုန်မြို့၊ ၁၉၉၅ ခုနှစ်တွင် တာမွေ မြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်း၊ ၂၀၀၈ - ၂၀၁၉ ခုနှစ်တွင် ရန်ကင်းမြို့နယ် သီရိမင်္ဂလာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း စသည့်နေရာများသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၃ ခုနှစ်မေလတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယခုအမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းပြုကာ ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အကြီးအချုပ် စာကြည့်တိုက်

စာကြည့်တိုက်ပညာရှင်ကြီး ဆရာဦးသန်းထွတ် (တိုက်စိုး) ၏ ပညာသိုက် စာအုပ် (စာ ၄၀-၄၁) တွင် "အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ် စာကြည့်တိုက်ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုယ်စားပြုသော နိုင်ငံ၏တစ်ခုတည်းသော စာကြည့်တိုက်ဟုဆိုရာသည်။ သို့သော် နိုင်ငံ၏ထူးခြားသော သမိုင်းကြောင်းကိုလိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု၊ သုံးခုစီရှိတတ်၏။" ဟုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်၏ ထူးခြားသောလက္ခဏာများမှာ (က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊ (ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း၊ (ဂ) ပညာရှာဖွေရေးနှင့်စပ်၍ ပြည်သူလူထုတစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာဖြစ်ခြင်းပေတည်း ဟုလည်းကောင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ယခု အမျိုးသားစာကြည့်တိုက် (ရန်ကုန်) သည် အထက်ပါအချက်များနှင့် ပြည့်စုံသောစာကြည့်တိုက်တစ်ခု ဖြစ်ပါသည်။

> **"အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ်စာကြည့်တိုက်ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုယ်စားပြုသော နိုင်ငံ၏တစ်ခုတည်းသောစာကြည့်တိုက်ဟုဆိုရာသည်။ သို့သော် နိုင်ငံ၏ထူးခြားသောသမိုင်းကြောင်းကိုလိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု၊ သုံးခုစီရှိတတ်၏။ အမျိုးသားစာကြည့်တိုက်၏ ထူးခြားသောလက္ခဏာများမှာ (က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ်စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊ (ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း၊ (ဂ)ပညာရှာဖွေရေးနှင့်စပ်၍ ပြည်သူလူထုတစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာဖြစ်ခြင်းပေတည်း"**

အမျိုးသားစာကြည့်တိုက်၏ ပန်းတိုင်

ယခုအခါ စာကြည့်တိုက်ယဉ်ကျေးမှုသည် များစွာပြောင်းလဲသွားပါသည်။ စာကြည့်တိုက်ကို စာပေဖတ်ရှုရာတစ်ခုတည်းမဟုတ်ဘဲ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်ပြပွဲ၊ အထိမ်းအမှတ်ပြပွဲများအပြင် စာကြည့်တိုက်များတွင် လာရောက်ကာ နှစ်သက်ရာသီချင်း၊ ဂီတနားထောင်နိုင်ရန် ခန်းမများ၊ အစားအသောက်နှင့် အမှတ်တရ ပစ္စည်းရောင်းချရာဆိုင်များ စသည်တို့ ပါဝင်လာကာ လူထုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာရန် ဆောင်ရွက်ပေးထားပါသည်။ တချို့နိုင်ငံများတွင် အဆင့်မြင့် စျေးဝယ်စင်တာများ၌ စာကြည့်တိုက်ငယ်များကိုတွဲ၍ ဖွင့်လှစ်လာကြပါသည်။ မိခင်များ စျေးဝယ်နေချိန်တွင် စာကြည့်တိုက်၊ သုတေသနအဖွဲ့အစည်း စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ မြို့နယ်အလိုက် ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၏ စာကြည့်တိုက်၊ ပုဂ္ဂလိကစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ကျေးရွာစာကြည့်တိုက် စသည်ဖြင့်အမျိုးမျိုးရှိပါသည်။

လူထုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာရန် ဆောင်ရွက်

ယခုအခါ စာကြည့်တိုက်ယဉ်ကျေးမှုသည် များစွာပြောင်းလဲသွားပါသည်။ စာကြည့်တိုက်ကို စာပေဖတ်ရှုရာတစ်ခုတည်းမဟုတ်ဘဲ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်ပြပွဲ၊ အထိမ်းအမှတ်ပြပွဲများအပြင် စာကြည့်တိုက်များတွင် လာရောက်ကာ နှစ်သက်ရာသီချင်း၊ ဂီတနားထောင်နိုင်ရန် ခန်းမများ၊ အစားအသောက်နှင့် အမှတ်တရ ပစ္စည်းရောင်းချရာဆိုင်များ စသည်တို့ ပါဝင်လာကာ လူထုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာရန် ဆောင်ရွက်ပေးထားပါသည်။ တချို့နိုင်ငံများတွင် အဆင့်မြင့် စျေးဝယ်စင်တာများ၌ စာကြည့်တိုက်ငယ်များကိုတွဲ၍ ဖွင့်လှစ်လာကြပါသည်။ မိခင်များ စျေးဝယ်နေချိန်တွင် ကလေးများကို စာကြည့်တိုက်တွင် ထားရှိကာ ရုပ်ပြများဖတ်ရှုရန်၊ ရုပ်ရှင်ဇာတ်ကားတိုများ ကြည့်ရှုနိုင်ရန်၊ ကစားနိုင်ရန် ထိုစာကြည့်တိုက်ငယ်များတွင် ထည့်သွင်းထားပါသည်။ စာကြည့်တိုက်အချင်းချင်း Online စနစ်ဖြင့် ဆက်သွယ်၍ ချိတ်ဆက်ငှားရမ်းနိုင်ရန် ဆောင်ရွက်ထားပါသည်။

အသိပညာ၊ အတတ်ပညာကို ဦးစားပေးသော ယနေ့အချိန်တွင် မိမိတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရန်နှင့် ကမ္ဘာကြီး၏ ပြောင်းလဲမှုဖြစ်စဉ်များကို အမြဲမပြတ်လေ့လာနိုင်ရန် စာအုပ်စာပေများ၊ သတင်းစာများကို လေ့လာဖတ်ရှုနေရပါမည်။ ထို့ကြောင့် စာအုပ်စာပေများစုဝေးရာ စာကြည့်တိုက်များကို အသုံးပြုခြင်းဖြင့် မိမိဘဝကို မြှင့်တင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၁-၁-၂၀၂၃ ရက်မှအဆက်

‘မ’ အခန်းတွင်းသို့ဝင်၍ အဝတ်လဲလိုက်သည်။ ကိုဘခက်က တိုင်တွင်ချိတ်ထားသောအင်္ကျီကို ယူ၍ဝတ်လိုက်ပြီးလျှင် အပေါက်ဝမှ ‘မ’ ကို ရပ်၍ စောင့်နေသည်။

‘မ’ ထွက်လာသောအခါ နှစ်ယောက်သား အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့ကြသည်။

ကိုဘခက်က လမ်းတွင်တွေ့သော ဆိုက်ကားတစ်စီးကိုငှား၍ အမြန်သာနင်းခိုင်းရတော့သည်။

‘မ’ သည် ဘုရားကိုသာ အာရုံပြုရင်း တထိတ်ထိတ်နှင့် လိုက်ခဲ့ရသည်။

“ဘုရား သိကြားမလို့ ဖေဖေကြီး ကျန်းမာချမ်းသာပါစေ”

အိမ်နှင့် မလှမ်းမကမ်းတွင် ဆိုက်ကားကို ထိုး၍ရပ်လိုက်လေသည်။

ကိုဘခက်က ဆိုက်ကားခပေးနေစဉ် ‘မ’ သည် အိမ်နောက်ဖေးဆီသို့ ခပ်သုတ်သုတ် လျှောက်ခဲ့သည်။

ကိုဘခက်သည် ဆိုက်ကားခကိုပေးပြီးလျှင် ‘မ’ ကို အမီလိုက်ခဲ့သည်။

အိမ်ကြီးအရိပ်အခြည်ကို ကြည့်လိုက်ရင်း ‘မ’ သည် နောက်ဖေးပေါက်မှ အိမ်ကြီးဆီသို့ လျှောက်ခဲ့ပြန်သည်။

နောက်ဖေးဆောင်တွင် အသင့်စောင့်နေသော မောင်အေးကိုတွေ့ရသည်။

မောင်အေးသည် လေသံတိုးတိုးဖြင့် တံခါးဖွင့်ထားပြီးဖြစ်ကြောင်း ပြောလိုက်သည်။

ကိုဘခက်က သူနေခဲ့သော အခန်းပေါက်ကို အရင်ဖွင့်လိုက်ပြီး ‘မ’ ကို ရှေ့မှဝင်စေသည်။ ကိုဘခက်က နောက်မှဝင်၍ တံခါးကို ပိတ်သည်။

တံခါးပေါက်မှ ဧည့်ခန်းကို ကြည့်လိုက်ပြန်တော့လည်း ဧည့်ခန်းတွင် လူရိပ်လူခြည်မျှပင် မမြင်ရချေ။

‘မ’ က ကိုဘခက်၏ လက်တစ်ဖက်ကို ဆွဲ၍ ဧည့်ခန်းကို အပြေးဖြတ်လိုက်သည်။

အပေါ်ထပ် လေ့ကားရင်းဆီသို့ရောက်သောအခါ ကိုဘခက်ရော ‘မ’ ပါ ခြေလှမ်းများ တုံ့၍သွားတော့သည်။ အပေါ်ထပ်လေ့ကားကွေ့ချိုးမှ ကြည့်နေသောမွန့်ကို တန်းတန်းမတ်မတ် သွား၍ တွေ့တော့သည်။

အစ၌ ‘မ’ သည် ခြေလှမ်းတုံ့၍သွားသော်လည်း သူ့စိတ်ကို ပြန်၍တင်းလိုက်ပြီးလျှင် အပေါ်ထပ်သို့ ဣန္ဒြေမပျက် တစ်လှမ်းချင်း တက်ခဲ့သည်။

မွန်ရပ်နေသော အကွေ့သို့ရောက်သောအခါ ‘မ’ သည် မွန်နှင့် မျက်နှာချင်းဆိုင် ရပ်မိလျက်သား ရှိတော့သည်။

မွန်သည် မမြင်လိုသူ မတွေ့လိုသူ တစ်ယောက်အား တွေ့မြင်နေရသလို ‘မ’ ကို စိမ်းစိမ်းကားကား စိုက်၍ကြည့်နေသည်။ မွန်၏အကြည့်မှာ မာကြောခက်ထန်လှသည်။

‘မ’ သည် မွန့်ကိုရှောင်၍ အပေါ်ထပ်သို့တက်ရန် လှမ်းလိုက်သည်။

မွန်က ‘မ’ ရှေ့မှ ဆီးကာလိုက်သည်။

“ဒက်ဒီအတွက် မျှော်လင့်ချက်မရှိတော့ဘူး။ မင်းသွားလည်း ဘာမှအကျိုးထူးမှာမဟုတ်ဘူး။ ဒက်ဒီကို မင်းအနှောင့်အယှက်မပေးပါနဲ့”

‘မ’ သည် ဘာမျှပြန်မပြောနိုင်ဘဲ ကြောင်တောင်တောင်ငေး၍ ကြည့်နေမိသည်။

ခံစားချက်နှစ်မျိုးကိုလည်း ရင်နှင့်အောင် ရောထွေး၍ ခံစားလိုက်ရသည်။

မျှော်လင့်ချက်မရှိတော့သော ဖခင်၏ အဖြစ်ကို သိလိုက်ရ၍ မဆုံးနိုင်သော ကြေကွဲခြင်းဖြင့် ကြေကွဲမိသည်။

သေအံ့ဆဲဆဲဖခင်ကိုပင် တွေ့ခွင့်မပေးသော မွန့်ကိုလည်း မခံရပ်နိုင်အောင် ဒေါသဖြစ်မိသည်။

“ဖေဖေကြီးကို စိတ်အနှောင့်အယှက်ပေးတာက မင်းတို့တစ်တွေလား၊ ငါလားဆိုတာ မင်းစဉ်းစားပြီးပြောပါမွန်”

မွန်က ‘မ’ ၏ လက်မောင်းတစ်ဖက်ကို ဆွဲ၍ ပြန်ချလိုက်သည်။

ပြီးမှ မဲ့မဲ့ရွဲ့ရွဲ့ပြုံးလိုက်ပြီး စကားနာထိုးလိုက်သည်။

“ဩော် ... မင်းက ခုမှ လိမ္မာနေပြီကိုး။ ခုမှ မင်းအပြစ်ကိုခွင့်လွှတ်ဖို့ တောင်းပန်တဲ့သဘောက ဘာသဘောလဲ။ ဒက်ဒီဆီက မင်းအတွက် ရဖို့အခွင့်အရေးများ မျှော်လင့်နေသလား”

ဒီမှာမွန်၊ ကိုယ့်အကြောင်းကို မင်း အသိဆုံးပါ။ အမွေလိုချင်လို့လာတာမဟုတ်ဘူး။ ဖေဖေကြီးကို တွေ့ချင်လို့လာတာ။ လောကမှာ မင်းတို့လို ပစ္စည်းနဲ့ ငွေလောက်ပဲ မက်မောပြီး မေတ္တာတရားခေါင်းပါးတဲ့ မိန်းမစားမျိုး မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ”

“အေး...လူလိုသူလိုနေချင်ရင် ဒါတွေ မက်ရတာပဲ။ မင်းလိုတော့ ပြာပုံကို မတိုးဘူး။ မင်းပြောတဲ့အတိုင်း ဘာမှမလိုချင်ဘူးဆိုရင် တို့အိမ်ရိပ်ကို မနင်းလာပါနဲ့။ ဒက်ဒီ့ကိုလည်း မင်း တွေ့စရာမလိုဘူး။ ဒါဟာ ဒေါက်တာတစ်ယောက်အနေနဲ့ ငါပြောတာ။ ဒက်ဒီ့ရောဂါအခြေအနေ ဆိုးနေတဲ့အချိန်မှာ လူမွေးလူတောင်မှ မပြောင်တဲ့ မင်းရုပ်ကို ဒက်ဒီနဲ့ အတွေ့ မခံနိုင်ဘူး။ ငွေလိုချင်ရင် မင်းအတွက် စဉ်းစားပြီးပေးလိုက်မယ်”

‘မ’ သည် မွန့်ကို မျက်တောင်မခတ် စိုက်၍ကြည့်နေရင်းမှ မျက်ရည်များ တလိမ့်လိမ့် စီးကျလာတော့သည်။ နှုတ်ခမ်းကလေးများမှာ တဆတ်ဆတ် တုန်နေသည်။

“မင်း ဘယ်လိုတားပေမယ့် အလကားပဲ မွန်။ ဘာပဲဖြစ်ဖြစ် မင်းတို့လို ကိုယ်လည်း သမီးတစ်ယောက်ပဲ။ တစ်သက်မှာ တစ်ခါသာရနိုင်တဲ့ ဒီအခွင့်မျိုးကို အဆုံးမခံနိုင်ဘူး”

‘မ’ သည် ပြောပြောဆိုဆို မွန့်ကိုတွန်းဖယ်၍ အပေါ်သို့ ပြေးတက်သွားတော့သည်။

ကိုဘခက်က ‘မ’ နောက်မှ လိုက်၍ သွားသည်။

မွန်မှာ လေ့ကားလက်ရန်းပေါ်တွင် ယိုင်လဲ၍ ကျန်ရစ်ခဲ့တော့သည်။

ဦးကျော်ဒင်အခန်းသို့ ဝင်မိလျှင် အားလုံးက ‘မ’ နှင့် ကိုဘခက်ကို လှမ်း၍ ကြည့်ကြသည်။

အားလုံး၏မျက်နှာများမှာ ‘မ’ ရောက်လာသည်ကို ကျေနပ်ပုံမရချေ။

‘မ’ နှင့် ကိုဘခက်ကို မြင်လျှင်မြင်ချင်း မျက်နှာထားများက ပြောင်းသွားကြသည်။

‘မ’ ကမူ သူတို့ကို ဂရုမစိုက်နိုင်။

ဦးကျော်ဒင် ခုတင်ဘေးတွင်သာ ပုဆစ်ဒူးတုပ်ထိုင်၍ အကဲခတ်ရင်း ခပ်တိုးတိုး နှုတ်ဆက်လိုက်သည်။

“ဖေဖေကြီး ... ဖေဖေကြီး”

ဦးကျော်ဒင်သည် မျက်လွှာကို အနိုင်နိုင်ပင့်၍ တင်လိုက်ပြီးလျှင် ‘မ’ ကို ငဲ့၍ ကြည့်လိုက်သည်။

ငဲ့၍ကြည့်သည်ဆိုသော်လည်း ခေါင်းက ပေါ့ပေါ့ပါးပါးမလှည့်နိုင်တော့ချေ။

မျက်လုံးကလေးကိုသာ ထောင့်ကပ်၍ကြည့်ရင်း အက်ကွဲသောအပြုံးဖြင့် မပွင့်တပွင့် ပြုံးလိုက်သည်။

“မောင်ဘခက်ရော ရှိရဲ့လား”

ဦးကျော်ဒင်သည် တစ်လုံးချင်း မေးလိုက်လျှင်ပင် ကိုဘခက်သည် ဦးကျော်ဒင်၏ ခုတင်ခေါင်းရင်းတွင် ဒူးထောက်၍ ထိုင်လိုက်သည်။

“ကျွန်တော် ရှိပါတယ်ဦး၊ ဦးနေမကောင်းဘူးဆိုတာ ကြားကြားချင်းပဲ ကျွန်တော်လာတာ”

ဦးကျော်ဒင်၏ မျက်လုံးများသည် ကိုဘခက်နှင့် ‘မ’ ဆီသို့သာ တလည်လည် ရှိနေတော့သည်။

ဦးကျော်ဒင်၏မျက်နှာတွင် ကြေကွဲခြင်းနှင့် ဝမ်းသာခြင်း ခံစားမှုနှစ်ရပ် ပေါင်းလျက်ရှိနေတော့သည်။

“မင်းတို့မလာလည်း အခေါ်လွှတ်မလို့ပဲ။ ခုတော့အတော်ပဲ။ ကဲ ... အားလုံး ရှေ့မှာ စကားပြောချင်တယ်။ ငါ့သမီးကို ခေါ်ပါကွယ်”

‘မ’ က ခုတင်ခြေရင်းတွင် မလှုပ်မယှက်ထိုင်နေသော မော်နှင့် ဒေါ်ခင်မျိုးသန့်ကို မရဲတရဲ လှမ်း၍ကြည့်လိုက်သည်။

“မော်ရေ ... မွန့်ကိုလှမ်းခေါ်လိုက်ပါကွယ်။ မေမေ...ဖေဖေကြီးက အနားလာပါတဲ့”

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်၏ ခုတင်စောင်းတွင် အသာထိုင်လိုက်သည်။ မော်က မွန့်ကို အပေါ်ထပ်မှ လှမ်း၍ခေါ်လိုက်သည်။

ဦးကျော်ဒင်က လူစုံအောင်စောင့်ရင်း ပြောမည့်စကားကို စဉ်းစားနေဟန်ရှိသည်။ ခဏကြာလျှင် မွန်နှင့် မော်တို့ အနားသို့ရောက်လာသည်။

“သမီးကြီးမွန်က ဖေဖေ့ခေါင်းအုံးအောက်က သော့ကိုယူပြီး မီးခံသေတ္တာ သော့ထဲကစာချုပ်တွေ ထုတ်ယူခဲ့ပါ”

မွန်သည် ဦးကျော်ဒင်ပြောသည့် အတိုင်းပင် စာချုပ်များကိုယူ၍ ဦးကျော်ဒင်၏လက်နားသို့ အသာချလိုက်သည်။ အားလုံးက ဦးကျော်ဒင်ကိုသာ စိုက်ကြည့်နေကြသည်။ ဦးကျော်ဒင်ပြောမည့် စကားကိုသာ နားထောင်နေကြသည်။

“ဒီစာတမ်းကို ငါ့မိတ်ဆွေ ဝတ်လုံတော်ရ ဦးဘသောင်းကို သက်သေတရားဝင်ပြုပြီး ရေးထားတာ။ နောက်မှ မင်းတို့ဖတ်ရရင် မကျေမနပ်ဖြစ်မှာစိုးလို့ ခုတည်းက အသိပေးခဲ့မယ်။ သမီးကြီး ကပဲဖတ်ပြလိုက်ပါကွယ်”

မွန်သည် ဦးကျော်ဒင်ဘေးမှ စာတမ်းကိုယူ၍ တုန်ယင်သောအသံကလေးဖြင့် တစ်လုံးချင်း ဖတ်ပြလိုက်သည်။

အမွေပိုင်ဆိုင်ခွင့် ခွဲဝေပေးရေး

ဤစာချုပ်စာတမ်းအရ ကျွန်ုပ်ပိုင် ပစ္စည်းအားလုံးကို ကျွန်ုပ်၏ ဝတ်လုံတော်ရ ဦးဘသောင်းက ခွဲဝေပေးရန်ဖြစ်ကြောင်း။ ကျွန်ုပ်ပိုင် ကုက္ကိုင်းလမ်းရှိ ခြံအမှတ် (...) နှင့် အိမ်ကို ကျွန်ုပ်၏သမီးလတ် ‘မ’ အားပေးရန် ...။

မွန်သည် စာကို ဆက်မဖတ်ဘဲ ရပ်လိုက်ပြီးလျှင် ဒေါ်ခင်မျိုးသန့်အား လှမ်း၍ကြည့်လိုက်သည်။

ဒေါ်ခင်မျိုးသန့်၏မျက်နှာသည် သိသိသာသာ ပျက်၍နေတော့သည်။ အတန်ကြာမှ မွန်သည် သူ့စိတ်ကိုသူ ထိန်း၍ စာကိုဖတ်လိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

“မျှော်လင့်ချက်မရှိတော့သော ဖခင်၏အဖြစ်ကို သိလိုက်ရ၍ မဆုံးနိုင်သောကြေကွဲခြင်းဖြင့် ကြေကွဲမိသည်။ သေအံ့ဆဲဆဲ ဖခင်ကိုပင် တွေ့ခွင့်မပေးသော မွန့်ကိုလည်း မခံရပ်နိုင်အောင် ဒေါသဖြစ်မိသည်။ “ဖေဖေကြီးကို စိတ်အနှောင့်အယှက်ပေးတာက မင်းတို့တစ်တွေလား၊ ငါလားဆိုတာ မင်းစဉ်းစားပြီးပြောပါမွန်” မွန်က ‘မ’ ၏ လက်မောင်းတစ်ဖက်ကို ဆွဲ၍ ပြန်ချလိုက်သည်။ ပြီးမှ မဲ့မဲ့ရွဲ့ရွဲ့ပြုံးလိုက်ပြီး စကားနာထိုးလိုက်သည်။ “ဩော် ... မင်းက ခုမှ လိမ္မာနေပြီကိုး။ ခုမှ မင်းအပြစ်ကိုခွင့်လွှတ်ဖို့ တောင်းပန်တဲ့သဘောက ဘာသဘောလဲ။ ဒက်ဒီဆီက မင်းအတွက် ရဖို့အခွင့်အရေးများ မျှော်လင့်နေသလား” ဒီမှာမွန်၊ ကိုယ့်အကြောင်းကို မင်း အသိဆုံးပါ။ အမွေလိုချင်လို့လာတာမဟုတ်ဘူး။ ဖေဖေကြီးကို တွေ့ချင်လို့ လာတာ။ လောကမှာ မင်းတို့လို ပစ္စည်းနဲ့ ငွေလောက်ပဲမက်မောပြီး မေတ္တာတရားခေါင်းပါးတဲ့ မိန်းမစားမျိုး မဟုတ်ဘူးဆိုတာ . . .”

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

